ကြေးမုံ
The Mirror

၁၃၇၀ပြည့်နှစ်၊ ဦးတန်ခူးလဆန်း ၁၃ ရက်၊ သောကြာနေ့ (18-4-2008) (၅၆၅၂)

အရိယ သစ္စာန ဒဿနံ စေတံ မင်္ဂလ မုတ္တမံ

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး တရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

● အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ပြင်ဦးလွင်မြို့နယ်ရှိ ကျောင်းတိုက်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညို

နေပြည်တော် ဧပြီ ၁၇

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ကျောင်းတိုက်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်စေတီတော် ဂန္ဓကုဋိတိုက်တော်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုကြပြီး ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

အဆိုပါ အခမ်းအနားသို့ ပြင်ဦးလွင်မြို့နယ်ရှိ ကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	❁ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
❁ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	❁ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်စေတီတော် ဂန္ဓကုဋိတိုက်တော်၌ ကျင်းပသည့် ပြင်ဦးလွင်မြို့နယ်ရှိ ကျောင်းတိုက်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၈-၄-၂၀၀၈
(သောကြာနေ့)

ရာသီဥတု အပူချိန်ပြောင်းလဲလာမှု ကလေးများ ကျန်းမာရေးဂရုပြု

ယခုအချိန်အခါသည် နွေရာသီကာလဖြစ်သည်နှင့်အညီ အပူချိန်မှာ မြင့်မားလာလျက်ရှိသည်။ ရာသီဥတုအပူချိန်ပြောင်းလဲမှုသည် လူတို့၏ကျန်းမာရေးအပေါ်တွင် အနည်းနှင့်အများ အကျိုးသက်ရောက်မှုရှိတတ်သည်။ အထူးသဖြင့် နွေရာသီအပူချိန် မြင့်မားမှုကြောင့် ကလေးများကျန်းမာရေးကို ပိုမိုထိခိုက်စေနိုင်သဖြင့် ဂရုပြုစောင့်ရှောက်ကြရမည်ဖြစ်သည်။

ရာသီဥတုပူပြင်းလာမှုကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများသဖြင့် ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ အပူဒဏ်ကြောင့် ဝေဒနာ ခံစားရမှုအပေါ် မူတည်၍ ပင်ပန်းနွမ်းနယ်မှုဖြစ်နေပါက ရေများများသောက်ခြင်း၊ ဓာတ်ဆားရည်သောက်ခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။

နွေရာသီကာလတွင် ကလေးများအနေဖြင့် ဝမ်းပျက်ဝမ်းလျှောခြင်းနှင့် အပူကြီးပြီးတက်ခြင်းတို့ အဖြစ်များတတ်သည်။ ကလေးများဝမ်းသွားပြီး အန်သဖြင့် အရည်ဓာတ် ဆုံးရှုံးတတ်ရာ ဓာတ်ဆားကို ရေကျက်အေးဖြင့် စနစ်တကျဖျော်၍ တိုက်ကျွေးကြရမည်ဖြစ်သည်။

ထို့အပြင် ကလေးများဖျားနာသည့်အခါ အပူကြီးလာတတ်သဖြင့် ဆေးရုံ၊ ဆေးခန်းသို့မရောက်မီ ရေဖတ်တိုက်ပေးသင့်သည်။ ရာသီဥတုပူသည့်အပြင် ပိတ်လှောင်နေသည့် တိုက်ခန်းအတွင်း လေအေးမရှိဘဲ ပန်ကာဖွင့်ပေးလျှင် ကလေးကို အပူများသက်ရောက်စေနိုင်သဖြင့် သတိထားကြရမည်ဖြစ်သည်။ ကလေးများ ဝမ်းပျက်ဝမ်းလျှောသည်ဖြစ်စေ၊ ဖျားနာပြီး အပူကြီးသည်ဖြစ်စေ နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီ သွားရောက်ကုသမှု ခံယူကြရန် လိုအပ်သည်။

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအလေးထားကြရမည့် အချက်ဖြစ်ရာ ပြည်သူအားလုံးက တစ်ကိုယ်ရေ ကျန်းမာမှုကို အစဉ်ရှေးရှုပြီး အချိန်ရာသီအလိုက် ကျန်းမာရေး အသိပညာပေး နှိုးဆော်ချက်များနှင့်အညီ ဂရုပြုလိုက်နာ နေထိုင်သွားကြရမည်ဖြစ်ပါသည်။ ။

လှူဒါန်း

သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ မြို့ဦးစက်ပစ်ကွင်းကျောင်းတိုက်ကြီးအတွင်း ဆောက်လုပ်လျက်ရှိသော ဇေယျသုခမင်္ဂလာ နှစ်ထပ်ကျောင်းတော်ကြီး၏ အခန်းတစ်ခန်းအတွက် ဖခင်ကြီးဦးတင်နုအား အမှူးထား၍ ဦးမျိုးအောင်-ဒေါ်စန္ဒာမြင့် ခေမာလမ်း စမ်းချောင်း ရန်ကုန်မြို့ မိသားစုတို့က မြို့ဦးစက်ပစ်ကွင်းကျောင်းတိုက်ကြီး၏ ပဓာန နာယက မြို့နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တတေဇထံ အလှူငွေကျပ် ၅၀၀၀၀၀ ကို လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား
- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဧပြီ ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဧပြီ ၁၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မိတ္ထီလာမြို့နယ် မကျီးပင်ပုကျေးရွာ မှန်ကျောင်းဆရာတော် ဘဒ္ဒန္တတိလောကအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများအား တွေ့ဆုံကာ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်းလင်းဆွေးနွေးပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေးသည် နိုင်ငံသားအားလုံး ပါဝင်ဆောင်ရွက်ကြရမည့် အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် ရွာသူ၊ ရွာသားအားလုံး ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် သင်္ကြန်ကာလအတွင်း ပြုလုပ်မည့် ဆွမ်းလောင်းလှူပွဲနှင့် ပဋ္ဌာန်းပူဇော်ပွဲအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး လောကရန်နိုင်စေတီအား ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးဦးဌေးဦးသည် မွန်းလွဲ ၂ နာရီတွင် မိတ္ထီလာမြို့နယ် တောမကျေးရွာ အမှတ်(၁၈) အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ တောမကျေးရွာ အုပ်စုမှ ကျေးရွာပြည်သူများအား တွေ့ဆုံ အမှာစကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်းတိုးချဲ့ကျောင်းဆောင်များ၊ တည်ဆောက်ထားမှုကို ကြည့်ရှုသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် သာစည်မြို့နယ် ကုန်းတောင်ကျေးရွာ ဓမ္မာရုံ၌ ကျေးလက်ပြည်သူများအား တွေ့ဆုံကာ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ရွာသူ၊ ရွာသားအားလုံး နိုင်ငံတော်နှင့် ဝိုင်းဝန်းလက်တွဲဆောင်ရွက်သွားကြရေးမှာကြားသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးသည် အဖျောက်(အရှေ့) ကျေးရွာ မူလတန်းကျောင်း၌ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ မေ ၁၀ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူများ၏ ဆန္ဒဖြင့် အတည်ပြုနိုင်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပါဝင်ရေး ရှင်းလင်းမှာကြားပြီး အဖျောက်(အရှေ့) ကျေးရွာ မူလတန်းကျောင်းအတွက် ငွေပဒေသာပင် စိုက်ထူလှူဒါန်းသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးသည် မိတ္ထီလာမြို့နယ် ထမုန်ကန်ကျေးရွာရှိ အမှတ်(၄၀) အခြေခံပညာ မူလတန်းကျောင်း၌ ကျေးရွာသူ၊ ကျေးရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံ အမှာစကားပြောကြားပြီးပညာရေးငွေပဒေသာပင်အား စိုက်ထူလှူဒါန်းသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် မိတ္ထီလာမြို့ ရန်မျိုးအောင် ကွက်သစ်ကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းပြီး ဓမ္မာရုံ၌ ရန်မျိုးအောင် ရပ်ကွက်မှ ရပ်ကွက်သူ၊ ရပ်ကွက်သားများနှင့် တွေ့ဆုံပြီးအမှတ်(၁၃၂)အခြေခံပညာ မူလတန်းကျောင်း အဆောက်အအုံကို ကြည့်ရှုကာ လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



သြဝါဒါစရိယ ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်

ရန်ကုန် ဧပြီ ၁၇

မြန်မာပြည် ဗုဒ္ဓဘာသာ ပုညကုသလအသင်းကြီး(B.B.M.A) ၏ သြဝါဒါစရိယ ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ် လှူဒါန်းပွဲနှင့် သြဝါဒခံယူပွဲကို မတ် ၂၁ ရက် နံနက် ၈နာရီတွင်အသင်းတည်ရှိရာ အမှတ် ၁၈၉၊ ၁၄ လမ်းထိပ် အနော်ရထာလမ်း လမ်းမတော်မြို့နယ်၌ ကျင်းပရာ နာယကများ၊ ဥက္ကဋ္ဌ ဦးကျော်ညွန့်၊ အတွင်းရေးမှူး ဦးသန့်ဇင်၊ အလုပ်အမှုဆောင်များ၊ အသင်းသူ၊ အသင်းသားများ၊ ဧည့်သည်တော်များ တက်ရောက်ပူဇော်ကြသည်။

(၈၅)ကြိမ်မြောက်တိပိဋကရေပူဇော်ပွဲကို ဧပြီ ၂၇ ရက်တွင် အထက်ပါအသင်းတည်ရာ၌ ကျင်းပမည်ဖြစ်ရာ ဘွဲ့ခံဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုအစုစုတို့ကိုဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၅၇)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သုခဝတီလမ်းနေဒေါ်ခင်ထားလတ်၏ (၇၆)နှစ်ပြည့် မွေးနေ့အဖြစ် ရန်ကင်းရွှေပြည်သာ ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ငွေကျပ်လေးသိန်းကို ရွှေပြည်ဟိန်း ဆရာတော်ထံ လှူဒါန်းရာ မယ်တော်ကြီး ဒေါ်အမာ လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်တိုင်းမရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက် စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် စမ်းချောင်းမြို့နယ်ပုသိမ်လမ်းနေ ကွယ်လွန်သူ ကျေးဇူးရှင်ဖခင်ကြီး ဦးမောင်မောင်မိုး (တက္ကသိုလ်ညိုညိုလေး)နှင့် မိခင်ကြီးဒေါ်လှမြင့်တို့အား ရည်စူး၍ သား သမီး မြေး တစ်စုတို့က အလှူငွေကျပ် ၁၀၀၀၀၀နှင့် ကိုးလက်မပတ်လည် ရွှေပြားနှစ်ချပ်အတွက် အလှူငွေကျပ် ၃၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၃၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးကိုနှင့် ဦးထွန်းတို့ လက်ခံယူစဉ်။ (ကြေးမုံ)

ဒလမြို့နယ် စူဠဘွဲ့နှင်းသဘင်ကျင်းပ

ရန်ကုန် ဧပြီ ၁၇

ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ၂၀၀၈ ခုနှစ် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို ဧပြီ ၈ ရက်မွန်းလွဲ ၁ နာရီတွင် သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပရာ မြို့နယ်သံဃနာယက ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာချဆရာတော်များနှင့် စာအောင်သံဃာ ၅၄ ပါးတို့ ကြွရောက်ကြသည်။

အစီအစဉ်အရ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်က ငါးပါးသီလခီးမြှင့်ပေးပြီးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

စာအောင် သံဃာတော်များအား မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ အတွင်းရေးမှူး ဦးသန်းကြိုင်နှင့် ရပ်ကွက်/ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက စာအောင်လက်မှတ်များနှင့် ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (က-ပ)

မြန်မာနှစ်ဆန်းတစ်ရက်နေ့က နေပြည်တော်ပျဉ်းမနားရှိ ဘုရားကိုးဆူစေတီတော်မြတ်တွင် ဘုရားဖူးများအား တွေ့ရစဉ်။ (သတင်းစဉ်)

✧ ကျောဖုံးမှ

မိသားစုများက ရင်ပြင်တော် အာရုံခံတန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား သစ်သီးဆွမ်း၊ ရေချမ်း၊ ပန်း၊ဆီမီးနှင့် အမွှေးနံ့သာတိုင်များဖြင့် ဆက်ကပ်လှူဒါန်းပူဇော်၍ ဘာဝနာတရား ပွားများအားထုတ်ခြင်း၊ ဂြိုဟ်တိုင်ရှိ ရုပ်ပွားတော်မြတ်များအား ရေသပ္ပာယ်ကောင်းမှုပြုခြင်း၊ရင်ပြင်တော် သန့်ရှင်းရေး ဆောင်ရွက်ခြင်း စသည့် ကုသိုလ်ကောင်းမှုများပြုလုပ်ကြသည်။

ထို့အတူ နေပြည်တော် ဇေယျာသိဒ္ဓိ၌ နန်းဦးကျောင်းဆရာတော် ဘဒ္ဒန္တလာသန တည်ထားကိုးကွယ်တော်မူသည့် အကျွတ်အလွတ် နန်းဦးအောင်စေတီ၊နန်းဦးစေတီနှင့်တတိုင်းရစေတီတော်တို့၌ ဘုရားဖူးလာပြည်သူများက ပန်း၊ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ခြင်း၊ စေတီတော်ရင်ပြင်တော်များ၌ သန့်ရှင်းရေးဝေယျာဝစ္စဆောင်ရွက်ခြင်း၊ ဆန္ဒပြည့်ဝ မျက်ရှင်တော်မြတ်စွာဘုရား ရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ခြင်းတို့အပြင် မြွေများအတွက် အစာအာဟာရ ဒါနအဖြစ် အလှူငွေများကို ထည့်ဝင်လှူဒါန်းကြသည်။

အလားတူ နေပြည်တော် ပျဉ်းမနားရှိ ဘုရားကိုးဆူ စေတီတော်မြတ်နှင့် ပဋ္ဌမသင်္ဂါယနာတင်မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော် ဆုတောင်းပြည့် လောကမာရဇိန် စေတီတော်မြတ်ကြီးတို့၌နှစ်သစ်မင်္ဂလာကောင်းမှု ကုသိုလ်များ ပြုလုပ်၍ တရားဘာဝနာပွားများအားထုတ်ကြသည်။

ကိုးခမ်းကြီးဆုတောင်းပြည့်မြတ်စွာဘုရားဗုဒ္ဓရုပ်ပွားတော်မြတ်အား ရောင်တော်ဖွင့်အဖွဲ့က ကြီးမှူး၍ နံနက်ပိုင်းတွင် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရောင်တော်ဖွင့် ကုသိုလ်ပြုကြသကဲ့သို့ ဘုရားဖူးလာ (၇)ရက်သားသမီးများကလည်း ပန်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ကြကာ ရင်ပြင်တော် သန့်ရှင်းရေးကို ကုသိုလ်ပြုဆောင်ရွက်ကြသည်။

အလားတူ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပျဉ်းမနား ရွာကောက် ရပ်ကွက်ရှိ အုန်းတောပရိယတ္တိ စာသင်တိုက်ပိတုန်းဓမ္မဗိမာန်တော်၌ ရပ်ကွက်နေ ပြည်သူများသည် ပဓာန နာယက ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တတိဿထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြကာ ဘာဝနာတရားပွားများအားထုတ်ကြသည်။

ထို့အတူ နေပြည်တော် ပျဉ်းမနားမြို့နယ် ခေါမကျေးရွာနှင့် ကျည်တောင်ကျေးရွာအနီးရှိ လှေခွင်းတောင်တန်ခိုးကြီး ကိုးမုခ်ပြန်စေတီတော်အား အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများသည် ကားကြီး ကားငယ် အသွယ်သွယ်တို့ဖြင့် လာရောက်ဖူးမြော်ကြရာ တောင်ဘက် စောင်းတန်းတစ်လျှောက်၌ ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

ညနေပိုင်းတွင်နေပြည်တော်ပျဉ်းမနားရပ်ကွက်အတွင်းရှိ လမ်းအသီးသီးတို့၌ ဆရာတော် သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်နှင့် ကမ္မဝါစာများ နာယူကြရာ နေပြည်တော် တစ်ဝန်းလုံး၌ ကုသိုလ်ပြုသူများ၊ ကုသိုလ်ပြုသံများဖြင့် ဝေဆာလျက်ရှိသည်။ (သတင်းစဉ်)

ကုသိုလ်ကောင်းမှုပြုသူ အကြီးအမှူးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် အများသူငါတို့ထက် မြတ်သော အကြီးအမှူးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

ဓမ္မပဒ ၃၀

၁၃၇၀ပြည့်နှစ် မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာအခါတော်နေ့တွင် ပြည်သူများဘေးအန္တရာယ် အပေါင်းကင်းငြိမ်းချမ်းသာစေရန်အတွက် ဆရာတော်ကြီးများက နေပြည်တော်၌ အန္တရာယ်ကင်းပရိတ်တရားတော်များကို ရဟတ်ယာဉ်ဖြင့် ဝေဟင်ထက်မှ ရွတ်ဖတ်ပူဇော်ခြင်း၊ ပရိတ်ရေ၊ ပရိတ်ဆန်၊ ပရိတ်ချည်နှင့် ပရိတ်သဲများ ပက်ဖျန်းခြင်းတို့ကို ဆောင်ရွက်တော်မူကြစဉ်။ (သတင်းစဉ်)

သာသနာရေးအတွက် စတုပစ္စယ ငွေပဒေသာပင်စိုက်ထူ စောင်းကောက်ဖိနပ်မိသားစုက ငွေကျပ် ၁၂၅သိန်းလှူဒါန်း

မန္တလေး ဧပြီ ၅

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ယခင်လမ်း၈ဝတရုတ်တန်းမှ ပတ်ကုန်းဝန်းကျင်ရပ် ၇၁×၇၂လမ်းကြား ၂၉လမ်း အိမ်အမှတ်၂၈(ခ)သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားသော ဦးချစ်ဆွေ-(ဒေါ်မိမိခင်) ချစ်ဆွေ-မိမိခင် စောင်းကောက်ဖိနပ်မိသားစုတို့က သာသနာရေးအတွက် စတုပစ္စယ ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း ရေစက်ချအလှူတော်မင်္ဂလာကို ဧပြီ ၅ရက် နံနက်၁၀နာရီက အထက်ပါနေအိမ်၌ ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင် သာသနာပိုင် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်သစ်ဝါဆိုကျောင်း ဆရာတော်ကြီးအဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အဠ္ဌိမဟာထေရ်မြတ် အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြသည်။

အလှူရှင်ဦးချစ်ဆွေ-(ဒေါ်မိမိခင်) ချစ်ဆွေ-မိမိခင် စောင်းကောက် ဖိနပ် သားသမီးမြေးမြစ် မိသားစုတို့က မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်သစ်နှင့် မဟာဝိဇိတာရုံကျောင်းတိုက်သို့ အလှူငွေကျပ် သိန်း ၅၀စီ၊ မန္တလေးမြို့ဇောတိကကျောင်းအနောက်ခင်မကန်တိုက်သို့အလှူငွေကျပ်၂၅သိန်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

(အောက်ပုံ)

ထို့နောက် ရွှေကျင်သာသနာပိုင် ဝါဆိုကျောင်း ဆရာတော်ကြီးထံမှ ရေစက်ချအနုမောဒနာ တရားနာယူ၍ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက် ကပ်လှူဒါန်းကြောင်း သတင်းရရှိ သည်။ (၄ဗ၉)

နေပြည်တော်၌ အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရဟတ်ယာဉ်ဖြင့် လှည့်လည် ရွတ်ပွားပူဇော်

နေပြည်တော် ဧပြီ ၁၇

၁၃၇၀ပြည့်နှစ် မြန်မာနှစ်ဆန်းတစ်ရက်နှစ်သစ်မင်္ဂလာအခါတော်နေ့တွင် အများပြည်သူများ ဘေးအန္တရာယ်အပေါင်းမှ ကင်းငြိမ်းချမ်းသာစေရန်အတွက် နေပြည်တော်၌ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ပြီး ပရိတ်ရေ၊ပရိတ်ဆန်၊ပရိတ်ချည်နှင့်ပရိတ်သဲများအား ရဟတ်ယာဉ်ပေါ်မှ သွန်းဖျန်းခြင်းတို့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၌ ပြုလုပ်သည်။

အစီအစဉ်အရ နံနက် ၇ နာရီတွင် နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ စတင်၍ ရဟတ်ယာဉ်ဖြင့် ဝေဟင်ထက်တွင် လှည့်လည်ကာ နိုင်ငံတော်သြဝါဒါစရိယ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘန၊ နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော်ပျဉ်းမနား ဈေးကုန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရ စာသင်တိုက် ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသ၊နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ရတနာ့ ဗိမာန်စာချကျောင်း ချမ်းသာကြီးကျောင်းတိုက်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိကာဘိဝံသ၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ဇေယျသိန်ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် နေပြည်တော် ပျဉ်းမနား မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဧရာဝတီတိုင်း ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဝေပုလ္လနှင့် နေပြည်တော် ပျဉ်းမနား သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာလယ်တီစံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍာဝုဓ ဆရာတော်တို့က အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးရွတ်ဖတ်သရဇ္ဈာယ်ထားသည့် ပရိတ်ရေ၊ ပရိတ်ဆန်၊ ပရိတ်ချည်နှင့် ပရိတ်သဲများကို ရဟတ်ယာဉ်ပေါ်မှ ဘေးအန္တရာယ်အပေါင်း ကင်းငြိမ်းစေရန်အတွက် သွန်းဖျန်းပေးကြသည်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက် (၇)မိုင် ရွာတန်းရှည်ပရိယတ္တိ စာသင်တိုက်အတွင်း ဆောက်လုပ်ဆဲ သောသုဇန လေးထပ်ကျောင်းဆောင်တော်ကြီးအတွက် မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ရေကူးဘူတာရုံလမ်းနေ ဦးအေးလှိုင်အားရည်စူး၍ ဒေါ်သောင်းကြည်နှင့် သား၊ သမီး၊ မြေးများက အလှူငွေကျပ် ၁၀ သိန်းကို ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ ရှေ့မှောက်၌ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဟေတီနိုင်ငံတွင် ဆူပူအကြမ်းဖက်ဆန္ဒပြသူများအား ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံး သုံး၍ လူစုခွဲနေသည်ကို ဧပြီ ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရုရှားသမ္မတပူတင်နှင့် ပါလက်စတိုင်းသမ္မတ အာဘတ်စ် မော်စကိုတွင် တွေ့ဆုံဆွေးနွေးမည်

မော်စကို ဧပြီ ၁၆

ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်နှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်တို့သည် ဧပြီ ၁၈ ရက်တွင် မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း ကရင်မလင်သတင်းဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

ပါလက်စတိုင်းသမ္မတအာဘတ်စ်သည် အစ္စရေး-ပါလက်စတိုင်း ပြဿနာကို ဆွေးနွေးရန် သုံးနိုင်ငံခရီးစဉ်ကိုစတင်လျက်ရှိသည်။ ယခုခရီးစဉ်အတွင်း ၎င်းသည်ဂျော်ဒန်နိုင်ငံ၊ ရုရှားနိုင်ငံနှင့်အမေရိကန်နိုင်ငံများသို့ သွားရောက်မည်ဖြစ်သည်။ အစ္စရေးတို့သည် ဂါဇာကမ်းမြောင်ဒေသကိုတိုက်ခိုက်လျက်ရှိသည့်အပြင် ထိုဒေသသို့ ကုန်စည်နှင့် လူအင်အထွက်များကိုလည်း တားဆီးပိတ်ပင်ထားသည်။ သို့ဖြစ်၍ပါလက်စတိုင်းနှင့်အစ္စရေးတို့အကြား အပစ်အခတ် ရပ်စဲရေးနှင့် အစ္စရေးကဂါဇာကိုပိတ်ဆို့ထားမှုအဆုံးသတ်ရေးကိစ္စကိုဆောင်ရွက်နိုင်ရန်ယခုခရီးစဉ်တွင်အာဘတ်စ်ကကြိုးပမ်းသွားမည်ဖြစ်ကြောင်းပါလက်စတိုင်းညှိနှိုင်းရေးမှူးအာဘတ်စ်အီရိကတ်က ပြောကြားသည်။ **အမ်အင်အေဆင်ဟွာ။**

စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် တရုတ်နှင့်ပါကစ္စတန် ကတိကဝတ်ပြု

ပေကျင်း ဧပြီ ၁၆

နှစ်နိုင်ငံစီးပွားရေးပူးပေါင်း ဆောင်ရွက်ရန်နှင့် ကုန်သွယ်ရေးတိုးမြှင့်ရန် သဘောတူညီကြကြောင်း ပူးတွဲကြေညာချက်ကိုတရုတ်နှင့်ပါကစ္စတန်တို့ကအင်္ဂါနေ့တွင် ထုတ်ပြန်ခဲ့သည်။

ထိုနှစ်နိုင်ငံတို့၏ ကုန်သွယ်မှု တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံရှိသည်။ ကုန်သွယ်ရေးနှင့် စီးပွားရေးကိုသာမက သိပ္ပံနှင့်နည်းပညာနယ်ပယ်များ၌လည်း တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားရန် နှစ်နိုင်ငံစလုံးက လက်ခံခဲ့ကြသည်။

ပါကစ္စတန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုတရုတ်နိုင်ငံအနေဖြင့် ပံ့ပိုးကူညီရန် အသင့်ရှိကြောင်းကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။ စွမ်းအင်ကဏ္ဍ၊ သဘာဝသယံဇာတစွမ်းအင်၊ တူးဖော်ထုတ်လုပ်ရေးကဏ္ဍများသည် အလားအလာကောင်းသော ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍများ ဖြစ်သည်ဟုဆိုသည်။ **အမ်အင်အေဆင်ဟွာ။**

ဂျာမနီဝန်ကြီးချုပ်ဟောင်း ဟဲလ်မွတ်ခိုးလ် လုပ်ဖော်ကိုင်ဖက်နှင့် လက်ထပ်မည်

ဘာလင် ဧပြီ ၁၆

အသက် ၇၈နှစ်အရွယ်ရှိ ဂျာမနီဝန်ကြီးချုပ်ဟောင်းဟဲလ်မွတ်ခိုးလ်သည် ၎င်း၏ လုပ်ဖော်ကိုင်ဖက် အသက် ၄၃နှစ်အရွယ်ရှိမစ်ကီးရစ်ချက်တာနှင့် လက်ထပ်ရန် စီစဉ်ခဲ့ကြောင်း ခိုးလ်၏ဘာလင်ရုံးအကြီးအကဲက အင်္ဂါနေ့တွင် ပြောကြားသည်။

မုဆိုးဖိုတစ်ဦးဖြစ်သော ခိုးလ်သည် ၂၀၀၁ ခုနှစ် ဇူလိုင်တွင် ရစ်ချက်တာနှင့်အတူ နေထိုင်ခဲ့သည်။ရစ်ချက်တာသည် ဘာလင်မြို့ရှိ ဂျာမန်စီးပွားရေးဝန်ကြီးဌာနမှ စီးပွားရေးပါရဂူတစ်ဦးဖြစ်သည်။ **အင်တာနက်။**

အီသီယိုးပီးယားမြို့တော်တွင် မိုးပေါက်ကွဲ သုံးဦးသေဆုံး ၁၈ ဦး ဒဏ်ရာရ

အဒစ်အဘာဘာ ဧပြီ ၁၆

အီသီယိုးပီးယားနိုင်ငံ၏ မြို့တော် အဒစ္စအဘာဘာရှိ သီးခြားနှစ်နေရာတွင် တနင်္လာနေ့က ဗုံးများပေါက်ကွဲရာ သုံးဦးသေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိကြောင်း အီသီယိုးပီးယားရဲတပ်ဖွဲ့မှလာသော သတင်းက ဖော်ပြသည်။

ဗုံးပေါက်ကွဲရာ ဒေသများမှ ဂါဂီအရပ်နှင့် လမ်ပိုတယ်တို့အနီးတွင်ဖြစ်သည်။ ပေါက်ကွဲမှုကြောင့် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင်ဟိုတယ်အနောက်ခြမ်းကုန်လှောင်ရာနေရာကို မီးလောင်စေခဲ့သည်။

အခင်းဖြစ်ပွားမှုကြောင့် နှစ်ဦး သေဆုံးပြီး ကိုးဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့ဆိုင်ရာမှလာသော သတင်းက ဆိုသည်။ **အမ်အင်အေဆင်ဟွာ။**

ဗြိတိန်ဝန်ကြီးချုပ်က ဇင်ဘာဘွေအား ကိုလိုနီနိုင်ငံသဖွယ် ဆက်ဆံ ဇင်ဘာဘွေ တရားရေးဝန်ကြီး စွပ်စွဲပြောကြား

ဟာရာရေး ဧပြီ ၁၇

ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းသည် ဇင်ဘာဘွေနိုင်ငံနှင့် ဆက်ဆံရာ၌ ဗြိတိန်၏ ကိုလိုနီနိုင်ငံသဖွယ် ပြုမူဆက်ဆံသည်သာမက လက်ရှိသမ္မတ ရောဘတ်မူဂါဘီကို ရာထူးမှဖြုတ်ချစေရန် ရွေးကောက်ပွဲဆိုင်ရာ အရာရှိများအား လာဘ်ထိုးခဲ့သည်ဟု ဇင်ဘာဘွေတရားရေးဝန်ကြီးက စွပ်စွဲသည်။

မတ် ၂၉ ရက်တွင် ပြုလုပ်သည့် ဇင်ဘာဘွေနိုင်ငံသမ္မတ ရွေးကောက်ပွဲတွင် အနိုင်ရရှိသည်ဟု ကြေညာခဲ့သော အတိုက်အခံအင်အားစု ခေါင်းဆောင် မော်ဂန်တဗ်စ်ဗန်ဂီရာသည် ဗြိတိန်နှင့် ပူးပေါင်းခြင်းဖြင့် နိုင်ငံအပေါ်သစ္စာဖောက်သူသာဖြစ်သည်ဟု တရားရေးဝန်ကြီး ပက်ထရစ်ချီနာမာဆာက ပြောကြားသည်။

အတိုက်အခံအနိုင်ရသည့် ဒီမိုကရေစီထွန်းကားမှု အခြေအနေကို အားပေးထောက်ခံကြရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အာဖရိကသမဂ္ဂတို့ကို တိုက်တွန်းခဲ့သည်။ အမှန်စင်စစ်မှာ မဲရုံများ၏ အခြေအနေကိုကြည့်လျှင် သမ္မတမူဂါဘီ အနိုင်ရရှိသည်မှာ အများသိသာသောရလဒ်ပင်ဖြစ်သည်ဟု တရားရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

အင်တာနက်။

တိုက်တွန်း

ဗြိတိန်ဝန်ကြီးချုပ် ဘရောင်းက ဇင်ဘာဘွေတွင် ဖြစ်ပေါ်နေသော

အီရတ်နိုင်ငံ ရမာဒီမြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသူ တစ်ဦးအား ဆေးရုံသို့ သယ်လာသည်ကို ဧပြီ ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇင်ဘာဘွေ၌ ဆူပူမှုဖြစ်ပွား၊ ၃၆ဦး ဖမ်းဆီး

ဟာရာရေး ဧပြီ ၁၆

သမ္မတရွေးကောက်ပွဲ ရလဒ်ထုတ်ပြန်ချက်နှင့်ပတ်သက်၍ ဇင်ဘာဘွေနိုင်ငံ၏ အတိုက်အခံအဖွဲ့က နိုင်ငံတစ်ဝန်းဆန္ဒပြတောင်းဆိုစဉ်လမ်းများပိတ်ဆို့မှုအတွက် လူ ၃၆ ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ဗုဒ္ဓဟူးနေ့ထုတ် နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြသည်။

ဟာရာရေးနှင့် အခြား မြို့ကြီးလေးမြို့တွင် အလုပ်သွားအလုပ်ပြန်ပြည်သူများကို တားဆီးခြင်း၊ ယာဉ်များကို ခဲများဖြင့် ပစ်ပေါက်ခြင်း၊ လမ်းများကို ပိတ်ဆို့ခြင်းအတွက် ပါဝင်သူများကို ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဝေးနီဘတ်ဗီဂျီနာက ပြောကြားသည်။

ဇင်ဘာဘွေသမ္မတ ရွေးကောက်ပွဲ ရလဒ်ကို ကြေညာရန် ၁၈ ရက်ကြာ စောင့်ဆိုင်းခဲ့ရသည်။ ရွေးကောက်ပွဲကော်မရှင်က မဲများမှန်ကန်မှုရှိစေရန် စစ်ဆေးပြီး အတည်ပြုခဲ့ခြင်း ဖြစ်ကြောင်း ပြောကြားသည်။ သို့သော် အတိုက်အခံများက နောက်ကျရခြင်းမှာ အချိန်ကြာမြင့်စွာ အုပ်ချုပ်ခဲ့သည့်ရောဘတ်မူဂါဘီ၏ အကွက်ဆင်မှုတစ်ခုသာဖြစ်ကြောင်း ပြောကြားသည်။ **အင်တာနက်။**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်ကျင်း တိရစ္ဆာန်ရုံအတွင်း မွေးမြူထားသည့် ကျားဖြူသားအမိကို တွေ့ရစဉ်။ (ဓာတ်ပုံ-ပေကျင်းရီဗျူး)

အီရတ်မြောက်ပိုင်းရှိ ကာ့ဒ်သူပုန်များကို တူရကီစစ်လေယာဉ်များ ဗုံးကြဲတိုက်ခိုက်

အစ္စတန်ဘူလ် ဧပြီ ၁၆

တူရကီနိုင်ငံအတွင်း ထိုးဖောက်ဝင်ရောက်ရန် ကြိုးစားနေသည့် အီရတ်နိုင်ငံမြောက်ပိုင်းဒေသရှိ ကာ့ဒ်သူပုန်အုပ်စုကို တူရကီ စစ်လေယာဉ်များက တိုက်ခိုက်ခဲ့ကြောင်းစစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

တူရကီနယ်စပ် ကူကာကာမြို့အနီး အီရတ်နိုင်ငံမြောက်ပိုင်းရှိ အဘာဆင်-ဘာစရန်ဒေသတွင် သူပုန်များကို လေယာဉ်များက တိုက်ခိုက်ခဲ့ကြောင်း တူရကီစစ်ဘက်က ပြောကြားသည်။

တူရကီနိုင်ငံ ဒီရာဘာကာနှင့် ဆာနတ်ပြည်နယ်တို့၌ ဖြစ်ပွားသော တိုက်ခိုက်မှုတွင် သူပုန်တစ်ဦးသေဆုံးခဲ့ကြောင်း စစ်ဘက်ကဖော်ပြသည်။

အီရတ်-အီရန်-တူရကီနိုင်ငံ ထြိဂံဒေသရှိ ဇာဂရိုးစ်တောင်အတွင်း ဒေသအချို့ကို ယမန်နေ့က တူရကီစစ်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း သူပုန်အဖွဲ့ကပြောကြားသည်။ သို့သော် သေကျေဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုကိုမူ ဖော်ပြခြင်းမရှိကြောင်းသိရသည်။ **အင်တာနက်**

ကြေးမုံ The Mirror

နိုင်ငံတကာရေးရာသတင်းများ

အန့်တက်ညီလာခံ၌ စားနပ်ရိက္ခာအတွက် ဘင်္ဂလားဒေ့ရှ် တွန်းအားပေးမည်

ဒက္ကာ ဧပြီ ၁၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အိမ်စောင့်အစိုးရ၏ နိုင်ငံခြားရေးအကြံပေးအရာရှိ အစ်ဖ်တီခါအာမက်ချောက်ဒရီက ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် စားနပ်ရိက္ခာများ ပိုမိုရရှိရေးအတွက် ကမ္ဘာ့စားနပ်ရိက္ခာ လုံခြုံရေးသဘောတူညီချက်တစ်ခုရရှိရန်တွန်းအားပေးဆောင်ရွက်မှာဖြစ်ကြောင်း လာမည့် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံ (အန့်တက်) အစည်းအဝေးအပေါ် အမြင်ချင်းဖလှယ်စဉ်တွင် သတင်းဌာနများသို့ ဗုဒ္ဓဟူးနေ့က ပြောကြားလိုက်သည်။

အန့်တက်၏ ၁၂ကြိမ်မြောက် ညီလာခံကို ဂါနာနိုင်ငံ အက္ကာဒါမြို့တွင် လာမည့်ရက်သတ္တပတ် အတွင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါညီလာခံတွင် အဆင်းရဲဆုံးနိုင်ငံများ (အယ်လ်ဒီစီအက်စ်)၏ ရပ်တည်မည့် သဘောထား နောက်ဆုံးအကြိမ်ဆွေးနွေးမည့် ဝန်ကြီးအဆင့်အစည်းအဝေးကို ဧပြီ ၁၉ရက်တွင် ကျင်းပမည်ဖြစ်ရာ အာမက်ချောက်ဒရီက သဘာပတိအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

အန့်တက်ညီလာခံကို လေးနှစ်လျှင် တစ်ကြိမ်ကျင်းပရာ ဂါနာနိုင်ငံမြို့တော်တွင် ဧပြီ ၂၀ရက်၌ စတင်ကျင်းပမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အီရတ်နိုင်ငံ ဆာဒါစီးတီးအနီးတွင် အမေရိကန်တပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အပျက်အစီးများကို ဧပြီ ၁၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်၏ မြို့တော် ဟိုင်ကူဆိပ်ကမ်းတွင် မုန်တိုင်းဘေးမှရှိနေကြသော လှေ၊ သင်္ဘောများကို ဧပြီ ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဟိုင်နန်ကမ်းခြေသို့ နီဂူရီတိုက်ဖုန်း ဝင်မည်

တရုတ်မိုးလေဝသဌာနမှ သတိပေးချက်ထုတ်ပြန်

ပေကျင်း ဧပြီ ၁၇

တရုတ်နိုင်ငံဟိုင်နန်ပြည်နယ်တောင်ပိုင်း တောင်တရုတ်ပင်လယ်ပြင်တွင်အားယူနေသော နီဂူရီအမည်ရှိ မုန်တိုင်းသည်တိုက်ဖုန်းမုန်တိုင်းအသွင်သို့ အင်အားကြီးမားစွာ ကူးပြောင်းလျက်ရှိပြီး တောင်ဘက် ကမ်းခြေဒေသသို့ဝင်ရောက်နိုင်စရာရှိကြောင်း မိုးလေဝသဌာနက ဧပြီ ၁၇ရက်၌ သတိပေးချက်ထုတ်ပြန်ထားသည်။

ကြာသပတေးနေ့ နံနက် ၆ နာရီ တိုင်းတာချက်အရ နီဂူရီမုန်တိုင်းသည် ဟိုင်နန်ပြည်နယ် စန်ယာမြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ ၄၈၀အကွာ ပင်လယ်ပြင်ကို ဗဟိုပြုလျက်ရှိသည်။ ယခုအခါ ထိုမုန်တိုင်းသည် လေတိုက်နှုန်း တစ်နာရီလျှင် ၁၂၆ကီလိုမီတာအရှိန်အထိ ပြင်းထန်လျက်ရှိကြောင်း တိုင်းတာသိရှိရသည်။ ထိုမုန်တိုင်း၏ ဗဟိုချက်သည် တစ်နာရီလျှင် ၁၅ ကီလိုမီတာနှုန်းဖြင့် အနောက်မြောက်အရပ်ဆီသို့ ရွေ့လျားလျက်ရှိရာ ဟိုင်နန်တောင်ပိုင်းကမ်းခြေဒေသများသို့ သောကြာနေ့ မွန်းလွဲပိုင်း သို့မဟုတ် စနေနေ့ နံနက်ပိုင်းတွင် ဝင်ရောက်ကောင်းဝင်ရောက်နိုင်သည်ဟု ခန့်မှန်းထားသည်။ လှေ၊ သင်္ဘောများကို ကမ်းခြေမှမထွက်ခွာရန်နှင့် ထွက်ခွာပြီးဖြစ်ပါက ကမ်းခြေတွင်ခိုနေရန် မိုးလေဝသဌာနက အကြံပြုထားသည်။ **အင်တာနက်။**

တရုတ်ပြည်အလယ်ပိုင်းတွင် ဘတ်စ်ကားသုံးစီးမီးလောင်

ဝူဟန် ဧပြီ ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံဟူဘေးပြည်နယ် ဝူဟန်မြို့တော်တွင် ဘတ်စ်ကားသုံးစီး မီးလောင်ပျက်စီးကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အမှတ် ၈၀၈ ဘတ်စ်ကားများ ရပ်နားရာနေရာတွင် နံနက် ၃နာရီခန့်၌ မီးစတင်လောင်ကျွမ်းခြင်းဖြစ်သည်။ အသေအပျောက် စာရင်းကို မရရှိသေးပေ။

ဘတ်စ်ကားသုံးစီးသည် အောက်ခံဖရိမ်သာ ကျန်ရစ်သည်အထိ လောင်ပြီး အခြားလေးစီးမှာ ဆိုးရွားစွာပျက်စီးသွားသည်။ ဆယ်မိနစ်အတွင်း မီးငြိမ်းသတ်နိုင်ပြီး အခြားကားဆယ်စီးကို မီးမကူးရန် ကာကွယ်နိုင်ခဲ့သည်။

ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုမပြီးဆုံးမီ မည်သည့်အကြောင်းကြောင့် မီးလောင်ရခြင်းကို အတည်ပြုနိုင်ခြင်း မရှိကြောင်းပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဇီဝလောင်စာနှင့်ပတ်သက်၍ ဝေဖန်သူများအား ဘရာဇီးသမ္မတ တုံ့ပြန်ပြောကြား

ရီယိုဒီဂျနေရိုး ဧပြီ ၁၆

ဘရာဇီးသမ္မတ လူးဝစ်အင်နာစီယိုဒါဆီးလ်ဗားက ဇီဝလောင်စာအစီအစဉ်အပေါ် ဝေဖန်သူများအား ဗုဒ္ဓဟူးနေ့က တုံ့ပြန်ပြောဆိုလိုက်သည်။ ဝေဖန်သူများက အဆိုပါအစီအစဉ်သည် သီးနှံများကို အစားအစာထုတ်လုပ်မည့်အစား လောင်စာဆီထုတ်လုပ်သဖြင့် စိုက်ပျိုးရေးထွက်ကုန်များ၏ဈေးနှုန်းများကြီးမြင့်စေမည်ဖြစ်ကြောင်း စွပ်စွဲပြောကြားသည်။

ဇီဝလောင်စာဆီ ထုတ်လုပ်ခြင်းကြောင့် စားသောက်ကုန်များဈေးနှုန်းမြင့်မားခြင်းမဟုတ်ကြောင်း၊ သန်းပေါင်းများစွာသောလူများ တစ်နေ့လျှင် သုံးကြိမ်စားသုံးခြင်းကိုကမ္ဘာကြီးက လုံလောက်အောင် စားနပ်ရိက္ခာ ထုတ်လုပ်မပေးနိုင်၍ ဖြစ်ကြောင်း၊ ၎င်းသည် စားသောက်ကုန် ထုတ်လုပ်ခြင်းကို လျှော့ချ၍ ဇီဝလောင်စာဆီ ထုတ်လုပ်ရေးမူဝါဒကို မည်သည့်အခါမျှ အားမပေးကြောင်း ဘရာစီးလီးယားမြို့တွင် သမ္မတက မိန့်ခွန်းပြောရာ၌ ထည့်သွင်းပြောကြားသည်။

ကမ္ဘာ့တစ်ဝန်းလုံးရှိ တစ်ဘီလီယံသော လူများသည် အခြေခံ ပရိုတိန်းနှင့် ကယ်လိုရီဓာတ်များကို အပြည့်အဝမရရှိကြကြောင်း၊ ထို့ကြောင့် ချမ်းသာသော နိုင်ငံအများသည် စိုက်ပျိုးရေးဆိုင်ရာ အထောက်အပံ့များကို လျှော့ချခြင်းဖြင့် ဆင်းရဲသော နိုင်ငံများကို ကူညီသင့်ကြောင်း သမ္မတက ဆက်လက်ပြောကြားသည်။

ဆင်းရဲသောနိုင်ငံများသည် သီးနှံများကို ထုတ်လုပ်နိုင်ပြီး ဥရောပနှင့် အမေရိကန်ပြည်ထောင်စု ဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချခြင်းကို ၎င်းတို့က လိုလားသဖြင့် ဒိုဟာဆွေးနွေးပွဲ တိုးတက်မှုမရှိခြင်း ဖြစ်ကြောင်း သမ္မတက ထပ်မံပြောကြားလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ကုန်တိုက်ကြီးတစ်ခုအတွင်း ဧပြီ ၁၆ရက်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဈေးဝယ်အိတ်များကိုတွေ့ရစဉ်။ [တရုတ်နိုင်ငံတွင် ဈေးဝယ်သူများကို ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးပေးသောဆိုင်အား ဇွန်၁ရက်မှစ၍ယွမ်၁၀၀၀၀ (အမေရိကန်ဒေါ်လာ၁၄၂၈)ဒဏ်ရိုက်မည်ဖြစ်ကြောင်းကုန်သွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အိတ်များကို ရှန်ဟိုင်းမြို့ စတိုးဆိုင်များတွင် ရောင်းချလျက်ရှိသည်။] (အင်တာနက်)

ဘဂ္ဂဒက်မြောက်ပိုင်းတွင် ဗုံးပေါက်ကွဲ အနည်းဆုံး ၄၅ ဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၇

အီရတ်နိုင်ငံဘဂ္ဂဒက်မြောက်ပိုင်းဒေသတွင် အယ်လ်ခိုင်ဒါဆန့်ကျင်ရေးသမား ဆွန်နီနွယ်ဖွားနှစ်ဦး၏ နာရေးတွင် ဗုံးခွဲသူတစ်ဦးက ဧပြီ ၁၇ ရက်တွင် ဖောက်ခွဲတိုက်ခိုက်ရာ အနည်းဆုံး ၄၅ဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့ဆိုင်ရာ သတင်းများကဖော်ပြသည်။

ဆွန်နီတို့နေထိုင်ရာဒေသတွင်အချိန်အတန်ကြာ ငြိမ်သက်နေပြီးမှ ယခုသီတင်းပတ်တွင် တိုက်ခိုက်မှုပြန်လည်ဖြစ်ပွားလာခြင်းဖြစ်သည်။ သို့ဖြစ်၍ ဆွန်နီလက်နက်ကိုင်များ ပြန်လည်လှုပ်ရှားလာပြီလောဟူသော စိုးရိမ်မှုများလည်းဖြစ်ပွားလာကြောင်းသိရသည်။

အယ်လ်ခိုင်ဒါ ဆန့်ကျင်ရေးအစည်းအရုံးဖြစ်သော နိုးကြားလာသောကောင်စီအဖွဲ့ဝင် ညီအစ်ကိုနှစ်ဦး၏ နာရေးအခမ်းအနားကိုဘဂ္ဂဒက်မြောက်ပိုင်း မိုင်၉၀အကွာရှိ အယ်လ်ဘူမိုဟာမက်မြို့တွင် ကျင်းပနေစဉ် ဗုံးပေါက်ကွဲသွားခြင်းဖြစ်သည်။

ယခုအဖြစ်အပျက်သည်မတ်ဖရက်ဖောက်ခွဲတိုက်ခိုက်မှုနောက်ပိုင်း ပထမဦးဆုံး ပြန်လည်ပေါ်ပေါက်လာသော တိုက်ခိုက်မှုဖြစ်သည်။ ဘဂ္ဂဒက်မြို့လယ်ကောင်တွင် ဖြစ်ပွားသော မတ် ၆ရက်တိုက်ခိုက်မှုတွင် ၆၈ဦးသေဆုံးခဲ့ရသည်။ အမေရိကန်များ ကျောထောက် နောက်ခံပြုထားသော အီရတ်တပ်ဖွဲ့များနှင့် မာဒီတပ်ဖွဲ့များ တိုက်ခိုက်မှုပြင်းထန်နေချိန်တွင် ယခုဗုံးခွဲမှု ထပ်မံပေါ်ပေါက်လာခြင်းဖြစ်သည်။

အင်တာနက်။

လော့စ်အိန်ဂျလိစ်တွင် ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲ

လော့စ်အိန်ဂျလိစ် ဧပြီ ၁၆

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ လူနေရပ်ကွက်အတွင်း ဗုဒ္ဓဟူးနေ့က သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲသဖြင့် အနီးအနားရှိ လူများကို ကယ်တင်လိုက်ရပြီး လုပ်ငန်းအချို့ကိုလည်း ယာယီပိတ်ထားရကြောင်းအာဏာပိုင်များက ပြောသည်။

နံနက် ၁၀နာရီခန့်တွင် အလုပ်သမားတစ်ဦးသည် မြေအောက် ပလတ်စတစ် ဓာတ်ငွေ့ပိုက်ကို ချိုးမိကြောင်း မီးနှင့်ဓာတ်ငွေ့ကုမ္ပဏီတစ်ခု၏ တာဝန်ရှိသူများက ပြောကြားသည်။

မီးသတ်သမားများသည် ဓာတ်ငွေ့ပို့လွှတ်မှုကို ပိတ်ပစ်လိုက်ပြီး အခင်းဖြစ်ပွားရာနေရာကို ပိတ်ဆို့ထားကြောင်း၊ အနီးရှိ မုန့်ဆိုင်တစ်ဆိုင်ကိုလည်း ယာယီပိတ်လိုက်ကြောင်း မီးသတ်ဌာနမှ တာဝန်ရှိသူကပြောကြားသည် ထိခိုက်ဒဏ်ရာရရှိမှုသတင်းကိုမူ မရရှိသေးပေ။ **အမ်အင်အေ၊ဆင်ဟွာ။**

ပြတ်ပြတ်သားသားထောက်ခံကြပါစို့

မောင်ဒဲ့ဒိုး

ဘကြီးဖြိုး။ လာစမ်းပါဦးကွ၊ မောင်ဒဲ့ဒိုး။ ငါတို့လာမယ့် မေလ ၁၀ ရက်နေ့မှာ ဆန္ဒမဲပေးရမယ့်ကိစ္စကို တချို့ကလည်း မထည့်ကြနဲ့လို့ ပြောတယ်။ တချို့ကတော့ ထည့်ရင်လည်း ကန့်ကွက်မဲထည့်လို့ ပြောနေတယ်။ အဲဒါငါတို့မဲထည့်သင့် မထည့်သင့် မင်းအမြင်ကလေးကို ပြောစမ်းပါဦးကွာ။

မောင်ဒဲ့ဒိုး။ ဘကြီးဖြိုးကရော ဘယ်လိုစိတ်ကူးထားသလဲ။ မဲထည့်မှာလား၊ မထည့်ဘူးလား။

ဖြိုး။ ဟ-ဒါကတော့ ငါတို့မဲထည့်ရင် ဘာအကျိုးကျေးဇူးရမလဲ၊ မဲမထည့်ဘဲနေရင် ဘာတွေဆုံးရှုံးမှုဖြစ်မလဲ ဆိုတဲ့ အပေါ် မူတည်မှာပေါ့။ ထောက်ခံမဲနဲ့ ကန့်ကွက်မဲလည်း ဒီလိုပဲပေါ့။ ဒါပေမယ့် ငါတို့က သာမန်အရပ်သူ အရပ်သားဆိုတော့ အဲဒါတွေ သိပ်နားမလည်ဘူးလေကွာ။ ဖြစ်နိုင်ရင်တော့ မဲသွားမထည့်ဘဲနေလို့ရရင်လည်း အိမ်မှာပဲ သက်သက်သာသာ နေမှာပေါ့။ သွားရတောင် သက်သာသေး။

ဒိုး။ ဟုတ်တာပေါ့၊ ဘကြီးဖြိုးရ၊ မသွားဘဲနေလို့ဖြစ်ရင်တော့ ဘယ်သူက အပင်ပန်းခံပြီးမဲသွားထည့်ပါ့မလဲ။ ဒါပေမယ့် မဲထည့်ဖို့၊ မထည့်ဖို့က သေချာတော့ စဉ်းစားသင့်တယ် နော်။အဓိကအချက်ကတော့ ကျွန်တော်တို့ ဆန္ဒမဲပေးပွဲမှာ ထောက်ခံမဲပေးလိုက်ရင်၊ ထောက်ခံမဲအများစုရရင် ကျွန်တော်တို့နိုင်ငံအတွက် အခြေခံဥပဒေတစ်ခု ရှိလာမယ်။ ကန့်ကွက်မဲ ပေးတဲ့လူများရင်၊ ဒါမှမဟုတ် မဲမပေးတဲ့လူများရင် အခြေခံဥပဒေကို အတည်မပြုနိုင်ဘူး။

ဖြိုး။ မင်းတို့ အခြေခံဥပဒေဆိုတာကြီးကို ငါတို့ကဘာလုပ်ရမှာတုံး မောင်ဒဲ့ဒိုးရ။ အခြေခံဥပဒေဆိုတာ ရှိတော့ရော ဘာထူးခြားလာမှာတုံး၊ ငါတို့ ဒီလိုပဲနေလာတာကြာခဲ့ပါပြီ မောင်ရာ။ မင်းဟာကြီး ရှိ-ရှိ၊ မရှိ-ရှိ ကိုယ်လုပ်မှ ကိုယ်စားရတာပဲ မဟုတ်လား။

ဒိုး။ ကျွန်တော်ကလည်း အဲဒါပြောချင်နေတာ ဘကြီးဖြိုးရဲ့။ အခြေခံဥပဒေရှိတာ မရှိတာ ဘာကွာသလဲဆိုတာ။ ပထမဆုံးအချက်ကတော့ အခြေခံဥပဒေဆိုတာ ရှိလာရင် ဘကြီးဖြိုးတို့ကျွန်တော်တို့လို သာမန်ပြည်သူတွေမှာအခွင့်အရေးတွေ အများကြီးပိုရလာမယ် ဆိုတာပဲ။

ဖြိုး။ လုပ်စမ်းပါဦးကွာ၊ ဘာအခွင့်အရေးတွေများ ရမှာတုံး။ အခွင့်အရေးဆိုရင်တော့ နည်းနည်းတော့စိတ်ဝင်စားလာသလိုပဲ။ ပြည်တော်သာခေတ်ကလို လူတစ်ကိုယ် တိုက်တစ်လုံး၊ ကားတစ်စီး၊ လစဉ်ဝင်ငွေ ရှစ်ရာဆိုတာမျိုးလား။ အခုခေတ်မှာရှစ်ရာတော့ မလုပ်နဲ့မောင်ရေ၊ ရှစ်သောင်းလောက်ဆိုရင်တော့ ဟုတ်တုတ်တုတ်ပဲ။

ဒိုး။ ဟာ-ဘကြီးဖြိုးကလဲ။ အစိုးရကို အစစအရာရာ အားကိုးတဲ့ခေတ်က ကုန်သွားပြီဗျ။ အခုခေတ်က ကိုယ့်အား ကိုယ်ကိုးပြီး ကြီးပွားအောင်လုပ်ရမယ့် ခေတ်ဖြစ်လာပြီ။ ရလာမယ့် အခွင့်အရေးဆိုတာလည်း ဒါပဲ။ ကိုယ့်စီးပွားရေး၊ ကြီးပွားရေးကို ဥပဒေဘောင်ထဲမှာ လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်နိုင်ခွင့်ရှိလာမယ်။ စီးပွားရေးမှာ တစ်ဦးတစ်ယောက် တစ်စု တစ်ဖွဲ့တည်းက လက်ဝါးကြီးအုပ်ထားတာမျိုးကို တားဆီးကာကွယ်ပေးမယ်။ ကိုယ့်စီးပွားရေးလုပ်ငန်းကို ပြည်သူပိုင် သိမ်းခံရမှာ ပူစရာမလိုဘူး။ ကိုယ့်ပိုက်ဆံတွေ တရားမဝင် ငွေစက္ကူကြေညာခံရမှာ ပူစရာမလိုတော့ဘူး။ အခုလာမယ့် အခြေခံဥပဒေမှာ အာမခံ ချက်ပေးထားတယ်။ တောင်သူလယ်သမားတွေအတွက်လည်း ကိုယ်စိုက်ပျိုးတဲ့သီးနှံတွေကို ဈေးနှိမ်ပြီး ဝယ်တာမျိုး မရှိရအောင်၊ သင့်တင့်မျှတတဲ့ တန်ဖိုးရအောင်လုပ်ပေးမယ်။ လယ်သမားအခွင့်အရေး၊ အလုပ်သမားအခွင့်အရေးတွေ ကာကွယ်စောင့်ရှောက်ဖို့ လိုအပ်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းပေးမယ်။ အခမ္ဘစေခိုင်းတာတွေကို တားမြစ်ထားသလို၊ တစ်စုံတစ်ယောက်ရဲ့ အသက်ကိုပဲဖြစ်ဖြစ်၊ ကိုယ်ပိုင်လွတ်လပ်ခွင့်ကိုပဲဖြစ်ဖြစ် နစ်နာဆုံးရှုံးမှု မရှိစေဖို့ အာမခံချက်လည်းပေးထားတယ်။ ဥပဒေနဲ့အညီ လူတိုင်း လွတ်လပ်စွာ ပြောဆိုရေးသားခွင့်ရှိမယ်။ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်၊ စည်းရုံးဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိမယ်။ နိုင်ငံသားအချင်းချင်း၊ ကျား၊ မ၊ လူမျိုး၊ ဘာသာ၊ ဇာတိ၊ ရာထူး၊ အဆင့်အတန်း၊ ဆင်းရဲ ချမ်းသာ စတာတွေကို အကြောင်းပြုပြီး ခွဲခြားမှုမရှိဖို့ အာမခံတယ်။ ပြည်သူတွေ အလုပ်လက်မဲ့နည်းပါးအောင် နိုင်ငံတော်က တတ်နိုင်သမျှ ဆောင်ရွက်သွားမှာဖြစ်သလို မိခင်နဲ့ကလေးတွေ၊ မိဘမဲ့ကလေးတွေ၊ တိုက်ပွဲကျ တပ်မတော်သားတွေရဲ့ ကလေးတွေ၊ အိုမင်းမစွမ်းတဲ့သူတွေ၊ မသန်စွမ်းတဲ့ သူတွေကိုလည်း နိုင်ငံတော်က ကြည့်ရှုစောင့်ရှောက်သွားမယ်။ ပညာထူးချွန်တဲ့သူတွေကိုလည်း လူမျိုး၊ ဘာသာမခွဲခြားဘဲ အရည်အချင်းအလိုက် ချီးမြှောက် ထောက်ပံ့သွားမယ်။

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအတွက် မန္တလေးမြို့ အမျိုးသား ကဇာတ်ရုံ၌ ဆန္ဒမဲပေးမှု သရုပ်ပြစဉ်။

(သတင်းစဉ်)

အဓိကအနေနဲ့ကတော့ လူတိုင်းရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ကာကွယ်ပေးပြီး တန်းတူညီမျှ အခွင့်အလမ်းတွေရအောင် နိုင်ငံတော်က အားပေးထောက်ပံ့သွားမယ့် သဘောပါပဲ။

ဖြိုး။ ကောင်းပါလေ့ကွာ။ နို့ပေမယ့် မင်းပြောတဲ့ အခွင့်အရေးတွေရအောင် ဒို့တွေက ဘယ်သူ့ သွားပြောရမှာတုံး၊ ငါတို့ တောသူတောင်သားဆိုတာက မင်းနားစိုးပေါက်လည်း မဟုတ်တော့ ရုံးပြင်ကနားလည်း ရောက်ဖူးတာမဟုတ်ဘူး။

ဒိုး။ အဲဒါဟာ အခြေခံဥပဒေမှာ အရေးကြီးဆုံးပေါ့ ဘကြီးဖြိုးရာ။ ဘကြီးဖြိုးတို့ပြောချင်တာ ဆိုချင်တာရှိရင် ပြောလို့ဆိုလို့ရအောင် ဘကြီးဖြိုးတို့က စိတ်ချယုံကြည် အားကိုးရတဲ့ ကိုယ်စားလှယ်တစ်ယောက်ရွေးပြီး ပြောခိုင်းလို့ရတယ်။ အဲဒီလိုကိုယ်စားလှယ်ရွေးတာကလည်း ဘကြီးဖြိုးတို့ မဲပေးပြီး ရွေးကောက်ပွဲနဲ့ ရွေးရဦးမှာ။ အဲဒီလိုကိုယ့်ရဲ့ ကိုယ်စားလှယ်ကို ကိုယ့်ဘာသာမဲပေးပြီး ရွေးခွင့်ရှိတာ အခြေခံဥပဒေအတည်ဖြစ်မှ ဖြစ်လာမှာလေ။

ဖြိုး။ မင်းပြောတဲ့ ကိုယ်စားလှယ်ဆိုတာ ဟိုး-ပါလီမန်ခေတ်တုန်းက ပါလီမန်အမတ်ကို ပြောတာလား။ ဒို့များတွေ့ဖူးခဲ့ပါပြီ မောင်ရာ။ မဲမထည့်ခင်ကတော့ လေတစ်လုံး မိုးတစ်လုံးနဲ့ သူ့ကို မဲထည့်ရင် ပဒေသာပင်မြေက ထပေါက်တော့မလိုနဲ့၊ ငါတို့ရွာ လျှပ်စစ်မီးရအောင် လုပ်ပေးမလေး ဘာလေး မိုးလားကဲလား ပြောပြီးတော့ သူသာ ပါလီမန်အမတ်ဘဝက ပြုတ်သွားတယ်၊ ငါတို့ကတော့ ရေနံဆီမီးခွက်ဘဝက မတက်ခဲ့ပါဘူး။ ဒီဘက်ခေတ်ရောက်မှ လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွေဘာတွေနဲ့ဟန်ကျသွားတာ။

ဒိုး။ ဒါကတော့ ဘကြီးဖြိုးရာ၊ ဒီမိုကရေစီဆိုတာ ဒီလိုပဲဗျ။ ဗီဒီယိုဇာတ်ကားကြည့်ရင် နာမည်ကြီးမင်းသား မင်းသမီး ပါရုံနဲ့ ဇာတ်ကားကောင်းမှာပဲလို့ ထင်လို့မရသလို ဘယ်ပါတီ၊ ညာပါတီ၊ နာမည်ကြီးပါတီက အမတ်လောင်း ဆိုပေမယ့်လည်း ကိုယ့်မြို့ကိုယ့်ရွာ ကောင်းစားရေး တကယ်လုပ်ပေးပါ့မလားဆိုတာ ယုံစားလို့မရဘူး။ တည့်တည့်ပြောရရင် နွားပွဲစား နွားမဝယ်ခင် နွားကြည့်သလို ပါးစပ်ဖြဲကြည့်လိုက်၊ အမြီးလှန်ကြည့်လိုက်၊ ချိုကြည့်လိုက်၊ ဗွေကြည့်လိုက်နဲ့ စစ်စစ်ပေါက်ပေါက် ကြည့်နိုင်မှ တန်ကာကျတာ၊ ရွေးတတ်ရင်တော့ ခိုင်းကောင်းတဲ့(အဲလေ) အားကိုးရတဲ့ လွှတ်တော်ကိုယ်စားလှယ် ရနိုင်ပါတယ်။

ဖြိုး။ နိုင်ငံရေးသမားဆိုတာတော့ လေကခပ်များများပါကွာ။

ဒိုး။ သူတို့အလုပ်ကိုက လေနဲ့လုပ်စားရတဲ့ အလုပ်ကိုး ဘကြီးဖြိုးရဲ့။ ပါလီမန်ဆိုတာကိုက စကားပြောတဲ့နေရာလို့ ခေါ်တာ။ သူတို့လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ အလုပ်က ကိုယ့်ကိုရွေးချယ်တင်မြှောက်ပေးတဲ့ မဲဆန္ဒရှင် ပြည်သူတွေ အကျိုးအတွက် ပြည်သူတွေရဲ့ လိုအပ်ချက်တွေ၊ လိုအင်ဆန္ဒတွေကို တင်ပြပေးဖို့၊ မဲဆန္ဒရှင်တွေရဲ့ အခွင့်အရေးကို ကာကွယ်ပေးဖို့၊ မဲဆန္ဒရှင် ပြည်သူတွေ ကြီးပွားချမ်းသာအောင် ကိုယ့်မဲဆန္ဒနယ် တိုးတက်ဖွံ့ဖြိုးအောင် လုပ်ပေးဖို့ပဲလေ။

ဖြိုး။ မင်းဥစ္စာတွေက ပြောရုံနဲ့ဖြစ်လာမှာလား ကိုယ့်လူရာ။

ဒိုး။ ပြောရုံနဲ့တော့ဘယ်ဖြစ်ပါ့မလဲ ဘကြီးဖြိုးရဲ့။ ကိုယ်လိုချင်တဲ့ ကိစ္စတွေကို ဥပဒေကြမ်းအဖြစ်နဲ့ပြုစုပြီး အများသဘောတူ မဲခွဲဆုံးဖြတ်လို့ မဲအများစုရရင် အဲဒါဟာ အတည်ဖြစ်ပြီး အစိုးရက အဲဒီဥပဒေအတိုင်း လိုက်ပြီး လုပ်ပေးရတာပေါ့။ ဥပမာဆိုပါတော့ ဘကြီးဖြိုးတို့ တောင်သူလယ်သမားတွေကစိုက်ပျိုးစရိတ်ချေးငွေတွေနည်းလို့ ဒီထက်ပိုလိုချင်တယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်တွေက စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ရေးဥပဒေကြမ်းကို ပြုစုပြီး လွှတ်တော်မှာတင်မယ်။ လွှတ်တော်မှာ ဒီကိစ္စကို သဘော တူတဲ့သူနဲ့ သဘောမတူတဲ့သူတွေ ဆွေးနွေးငြင်းခုံကြမယ်။ အစိုးရဌာနက တာဝန်ရှိတဲ့ သူတွေကို ခေါ်ပြီး စုံစမ်းမေးမြန်းမယ်။ နောက်ဆုံးညှိနှိုင်း အတိုးအလျှော့လုပ်ပြီး မဲခွဲဆုံးဖြတ်မယ်။ မဲနိုင်ရင် ဘကြီးဖြိုးတို့ စိုက်ပျိုးစရိတ်ချေးငွေ ပိုရလာမှာပေါ့။

ဖြိုး။ ဒါဆို အခြေခံဥပဒေမရှိရင် လွှတ်တော်လည်းမရှိဘူး။ လွှတ်တော်မရှိရင် ငါတို့လိုချင်တာ၊ ပြောချင်တာတွေ ပြောစရာနေရာမရှိဘူးပေါ့ ဟုတ်လား။

ဒိုး။ သေချာတာပေါ့ ဘကြီးဖြိုးရာ။ လွှတ်တော်ထဲမှာ လွှတ်တော် ကိုယ်စားလှယ်တွေဟာ ဘယ်သူ့ကိုမှ ကြောက်စရာ မလိုဘဲ လွှတ်တော်စည်းကမ်းနဲ့အညီ လွတ်လွတ်လပ်လပ် ပြောချင်တာပြောလို့ရတယ်။အာဏာရတဲ့ အစိုးရကိုလည်း နှစ်ပြားမတန်အောင် ဝေဖန်လို့ရတယ်။အဲဒီအတွက်အရေးယူခံရမှာကို ဘာမှကြောက်စရာမလိုဘူး။ ဥပဒေနဲ့ ကာကွယ်ပေးထားတယ်။ အယုတ္တအနတ္တဆဲတာဆိုတာ၊ အမတ်မင်းတွေ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ် နပန်းလုံးတာမျိုးတော့ မရဘူးပေါ့ဗျာ။ လွှတ်တော်အမတ်ဆိုတာ ဂုဏ်သိက္ခာတော့ ရှိရမှာပေါ့။ လွှတ်တော်မှာ ပြောဆိုနေတာတွေကိုလည်း စည်းကမ်းနဲ့အညီ ပြည်သူတွေကဝင်ပြီး နားထောင်လို့ရတယ်လေ။

ဖြိုး။ ဒါဆိုရင်တော့ အကောင်းသားပေါ့ကွာ။ ဒါပေမယ့် ငါ တစ်ခုတော့ မေးပါရစေဦး။ အခုနိုင်ငံရေးသမားတွေက စစ်အစိုးရလက်ထက်မှာ လွတ်လွတ်လပ်လပ် ပြောခွင့်မရှိဘူး။ ဘာအခွင့်အရေး၊ ညာအခွင့်အရေး မရဘူး။ အဓမ္မအခိုင်းခံနေရတယ်။ ဘာ-ညာနဲ့ သူတို့ပဲ ပြောနေပြီးတော့ အဲဒီအခွင့်အရေးတွေကို အာမခံချက်ပေးထားတဲ့ အခြေခံဥပဒေကိုကျတော့ ဘာလို့ မဲမထည့်ဖို့ကန့်ကွက်ဖို့ အော်နေကြပြန်တာလဲ။

ဒိုး။ ဒါကတော့ ဘကြီးဖြိုးရာ။အစိုးရကဗျိုင်းဆိုတာ ဖြူပါတယ်ဆိုရင် သူတို့က မျက်စိစုံမှိတ်ပြီး ကျီးကန်းလို မည်းပါတယ်လို့ အော်ဦးမှာပဲ။ ပြီးတော့လဲ ပါးစပ်ကသာ စစ်အစိုးရ အလိုမရှိလို့ အော်နေတာ။ စိတ်ထဲမှာတော့ စစ်အစိုးရ သက်တမ်းရှည်ပါစေလို့ ဆုတောင်းနေကြတာဗျ။

ဖြိုး။ မင်းဟာက ဘယ်လိုကြီးတုံးကွ၊ ရှုပ်ကုန်ပြီ။

ဒိုး။ ဒီလိုပါ ဘကြီးဖြိုးရဲ့။ အဲဒီလို စစ်အစိုးရ အလိုမရှိလို့ အော်နေတဲ့ နိုင်ငံရေးသမားတွေက အော်နိုင်လို့ စားပေါက်ချောင်နေတာ။ အဲဒီလိုအော်ဖို့ သူတို့ကိုနောက်က ဒေါ်လာတွေ သန်းပေါင်းများစွာ ပေးထားတာ။ ပြောင်ပြောင် တစ်မျိုး တိတ်တိတ်တစ်မျိုး နည်းအမျိုးမျိုးနဲ့ ပေးနေတာလေ၊ အခြေခံဥပဒေပေါ်လာလို့ စစ်အစိုးရ မရှိတော့ရင် သူတို့အော်စရာမရှိတော့ စားပေါက်လည်း ပိတ်ပြီပေါ့။ ဒါကြောင့်မို့ အခြေခံဥပဒေလည်း အတည်မဖြစ်အောင်၊ စစ်အစိုးရလည်း သက်တမ်းရှည်အောင် ဆန္ဒမဲမပေးဖို့၊ ပေးရင်လည်း ကန့်ကွက်မဲပေးဖို့ အသည်းအသန် လှုံ့ဆော်နေကြတာပေါ့ ဘကြီးဖြိုးရဲ့။

ဖြိုး။ ဟုတ်ပြီ၊ ဟုတ်ပြီ။ ဒီလိုဆိုရင်တော့ အတော်ကလေး ရှင်းသွားပါပြီကွာ။**ဒို့ကတော့ ဘယ်သူတွေဘာပြောပြော ဒို့ပြည်သူတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးရဖို့၊ ဒို့ပြောချင်တာတွေ လွတ်လွတ်လပ်လပ်ပြောခွင့်ရဖို့၊လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း တန်းတူရည်တူလုပ်ကိုင်စားသောက်နိုင်ဖို့ ဒီဆန္ဒမဲပေးပွဲကြီးမှာ ပြတ်ပြတ်သားသား ထောက်ခံမဲပေးလိုက်တော့မယ်ကွာ။** ။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းစာအုပ်များ ဝယ်ယူဖတ်ရှုနိုင်ရန် စီစဉ်ပေးထား

နေပြည်တော် ဧပြီ ၁၇

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့မှ ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲအခမ်းအနားများကို ဧပြီ ၁၀ရက်နှင့် ၁၁ရက်တို့တွင် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းအသီးသီးတို့၌ ကျင်းပကြသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲဝင်များတွေ့ဆုံပွဲကို ဧပြီ ၁၁ ရက် နံနက် ၈ နာရီတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးတီခွန်မြတ်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်အောင်က မဲရုံ၊ မဲပုံးများ ကြိုတင်ဆောင်ရွက်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်ဦးတီခွန်မြတ်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည့် ဆန္ဒမဲပေးမှု သရုပ်ပြခြင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့အတူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များနှင့် ရခိုင်ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲကို ဧပြီ ၁၁ ရက် နံနက် ၈ နာရီတွင် စစ်တွေမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးသိန်းရွှေမောင်က အမှာစကား ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲနိုင်အောင်က ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး၊ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဥပဒေနှင့် နည်းဥပဒေများကို ဆွေးနွေးတင်ပြပြီး ခရိုင်၊ မြို့နယ်၊ ရပ်ကွက် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၏ ဆွေးနွေးမေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးသိန်းရွှေမောင်၊ ဦးကြာထွန်းနှင့်အဖွဲ့ဝင်များသည် မဲရုံနမူနာနှင့် မဲဆန္ဒပေးပုံ အဆင့်ဆင့် လက်တွေ့သရုပ်ပြသ ရှင်းလင်းမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပသည့် ဆန္ဒမဲပေးမှု သရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့အတူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များနှင့် ကရင်ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲကို ဧပြီ ၁၁ ရက် နံနက် ၉ နာရီခွဲတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပရာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးစောဘလှိုင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ်

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း ခန်းမ၌ ဆန္ဒမဲပေးမှု သရုပ်ပြစဉ်။ (သတင်းစဉ်)

ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမောင်မောင်က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးစောဘလှိုင်၊ ဦးလန်းဇုန်းနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ဆန္ဒမဲပေးမှု သရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် တနင်္သာရီတိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲများ တွေ့ဆုံပွဲကို ဧပြီ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် မြိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပရာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင် အဖွဲ့ဝင် ဦးမောင်လှက အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးစိုင်းယီကျန်းနှင့် တနင်္သာရီတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဝင်းတို့က ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများ၏ မေးမြန်း ဆွေးနွေးချက်များကို ရှင်းလင်းဖြေကြားကာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးမောင်လှက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များသည် ဆန္ဒမဲပေးမှု သရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း (၂၀၀၈)စာအုပ်၊ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဥပဒေစာအုပ်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နည်းဥပဒေစာအုပ်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် မဲရုံမှူးလမ်းညွှန်စာအုပ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲများအတွက် လုပ်ငန်းလမ်းညွှန် စာအုပ်ငါးမျိုးကို ၂၀၀၈ ခုနှစ် မတ်လ ဒုတိယပတ်မှ စတင်ကာ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးသို့ ပေးပို့ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းစာအုပ်များကို မြန်မာနိုင်ငံ မြို့နယ်အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာန အောက်ရှိ စာကြည့်တိုက်များ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများရှိ စာကြည့်တိုက်များတွင် လေ့လာဖတ်ရှုနိုင်သည့်အပြင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်များနှင့် ပြင်ပစာအုပ်ဆိုင်များ၌လည်း ဝယ်ယူဖတ်ရှုနိုင်ရန် စီစဉ်ပေးထားပြီး ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအတွက် ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အားကစားခန်းမ၌ ဆန္ဒမဲပေးမှု သရုပ်ပြစဉ်။ (သတင်းစဉ်)

အလားတူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များနှင့် ကယားပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲကို ဧပြီ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ သဘာပတိ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဒင်က အမှာစကား ပြောကြားသည်။

ထို့နောက် ကယားပြည်နယ် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများ၏ မေးမြန်း ဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်း လိုက်သည်။

ယင်းနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဒင်၊ ဦးကျော်ထွန်းနှင့်အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ အမှတ်(၁)

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ အတွက် ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်း ကျောင်း၌ မဲပုံးစစ်ဆေးမှု သရုပ်ပြသစဉ်။ (သတင်းစဉ်)

● အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

● အခြေခံဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။

*ရွှေ့ဖုံးမှ

ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ် သူရမြင့်အောင်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊လူမှုရေးနှင့် ဘာသာရေး အသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပြင်ဦးလွင်မြို့ ပုညကာရီ ခဲလယ်ကျောင်း ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုမနထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပုညကာရီ ခဲလယ်ကျောင်း ဆရာတော်အား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

လှူဒါန်း

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

လှူဖွယ်ပစ္စည်းများလှူဒါန်း

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိသားစုများသည် သာသနာ့နွယ်ဝင် သီလရှင်များကိုယ်စားဇယန်းကျောင်း ပဓာန နာယက ဆရာကြီး မဟာဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ဒေါ်ပဝရသီဂီ အမှူးပြုသော သီလရှင်များအား ဆန်၊ ဆီ၊ သီလရှင်ဝတ်စုံများနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့သည် မန္တလေးတိုင်း သံဃနာယကအဖွဲ့ဝင် ပြင်ဦးလွင်မြို့ ကန်ဦးကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိဿရထံမှ အနုမောဒနာနှင့် ရေစက်ချ တရားတော်တို့ကို နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆုတောင်း

ယင်းနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဂန္ဓကုဋီတိုက်တော်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဇီဝိတဒါနကုသိုလ်ပြု

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ သွားရောက်ကြပြီး ကန်တော်ကြီး၌ အဘယဒါန ဇီဝိတဒါနအဖြစ် ချိုး၊ ခို၊ ဇီးကွက်၊ စာကလေးနှင့် ငါးများကို လွှတ်၍ ကုသိုလ်ပြုကြသည်။

ကုသိုလ်ဒါနပြု

ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များကလည်း ငါးလွှတ်၍ ကုသိုလ်ဒါနပြုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ် ဖွံ့ဖြိုးသာယာလှပရေး ဆောင်ရွက်ထားမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

စည်ကားလျက်ရှိ

မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဖြစ်သည့် ယနေ့တွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၌ လာရောက်လေ့လာအပန်းဖြေအနားယူသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် အမျိုးသား ကန်တော်ကြီးဥယျာဉ် ကန်တော်ကြီး၌ အဘယဒါနဇီဝိတဒါနအဖြစ် ချိုး၊ ခို၊ ဇီးကွက်၊ စာကလေးများကို လွှတ်၍ ကုသိုလ်ပြုစဉ်။

(သတင်းစဉ်)

ဖူးမြော်ကန်တော့

ရှေးဦးစွာဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မဟာအံ့ထူးကံသာ ဆုတောင်းပြည့် မြတ်စွာဘုရားကြီးအား ဆွမ်း၊ သစ်သီး၊ဆီမီး၊ ပန်းနှင့်ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကန်တော့ကြသည်။

ထို့နောက် အခမ်းအနားကို ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မ[တော်...]
ကန်တော်ကြီး၌ အဘယဒါန ဇီဝိတဒါနအဖြစ် ငါးများကို လွှတ်၍ ကုသိုလ်ပြုကြ[...]

ကုသိုလ်ဒါနပြု

ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ အမျိုးသားကန်တော်ကြီးဥယျာဉ် ကန်တော်ကြီး၌ အဘယဒါန ဇီဝိတဒါနအဖြစ် ငါးများကို လွှတ်၍ ကုသိုလ်ဒါနပြုကြစဉ်။

(သတင်းစဉ်)

တောင်ကြီးမြို့ ၁၃၆၉ ခုနှစ်[...]

ပိတ်ပွဲသို့ တိုင်းမှူး ဗိုလ်[...]

နေပြည်တော် ဧပြီ ၁၇

တောင်ကြီးမြို့ ၁၃၆၉ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဧပြီ ၁၆ ရက် ညနေ ၅ နာရီခွဲတွင် တောင်ကြီးမြို့ ဗိုလ်ချုပ်လမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဇနီး၊ ဒုတိယတိုင်းမှူး၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဇနီးများ၊ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင် သင်္ကြန်ယိမ်းအဖွဲ့များ၊အလှပြယာဉ်များ၊ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်များမှ ယိမ်းအဖွဲ့ဆု၊ သီဆိုသူဆု၊ တေးဂီတ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့ ပြင်ဦးလွင်မြို့မဟာအံ့ထူးကံသာဆုတောင်းပြည့် စေတီတော်ဂန္ဓကုဋိတိုက်တော်၌ ကျင်းပသည့် ပြင်ဦးလွင်မြို့နယ်ရှိ ကျောင်းတိုက်များ အတွက် ဆွမ်းဆန်တော်၊ဆီနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင်ဆရာတော် ထံမှကိုးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

...ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ...ျာဉ်ရှိ ကန်တော်ကြီး၌ အဘယဒါနဇီဝိတဒါနအဖြစ် ငါးများကိုလွှတ်၍ ကုသိုလ်ပြုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမျိုးသားကန်တော်ကြီးဥယျာဉ် ကန်တော်ကြီး၌ အဘယဒါန ဇီဝိတဒါနအဖြစ် ချိုး၊ ခို၊ ဇီးကွက်၊ စာကလေးများကိုလွှတ်၍ ကုသိုလ်ပြုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိသားစုများ သာသနာ့နွယ်ဝင် သီလရှင်များအား ဆန်၊ ဆီ၊ သီလရှင်ဝတ်စုံများနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြစဉ်။ (သတင်းစဉ်)

တောင်ကြီးမြို့ ၁၃၆၉ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်

ပိတ်ပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်ချီးမြှင့်

နေပြည်တော် ဧပြီ ၁၇

တောင်ကြီးမြို့ ၁၃၆၉ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဧပြီ ၁၆ ရက် ညနေ ၅ နာရီခွဲတွင် တောင်ကြီးမြို့ ဗိုလ်ချုပ်လမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဇနီး၊ ဒုတိယတိုင်းမှူး၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဇနီးများ၊ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင် သင်္ကြန်ယိမ်းအဖွဲ့များ၊အလှုပြယာဉ်များ၊ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်များမှ ယိမ်းအဖွဲ့ဆု၊ သီဆိုသူဆု၊ တေးဂီတတီးဝိုင်းဆု၊ တေးသီချင်းစာသားဆု၊ အကနည်းပြဆု၊ အဝတ်အစားဖန်တီးမှုဆု၊ မဏ္ဍပ်ဆုနှင့် ဂုဏ်ပြုဆုများကို တိုင်းမှူး၏ဇနီး၊ ဒုတိယတိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ၎င်းတို့၏ ဇနီးများက ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးက အလှုပြယာဉ် ပထမဆုရရှိသော လွိုင်လင်မောင်မယ် အလှုပြယာဉ်၊ ဒုတိယဆုရရှိသော နွေရပ်လွှာအလှုပြယာဉ်၊ တတိယဆုရရှိသော မြစ်ဖျားဇော်ဂျီ ရသဝတီ အလှုပြယာဉ်တို့အား ဆုဖလားနှင့် ဆုတော်ငွေများ၊ အကဲဖြတ်ဒိုင် ဂုဏ်ပြုဆုများကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် ဧည့်ပရိသတ်တို့သည် ဆုရရှိသည့် ယိမ်းအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး တိုင်းမှူးက အမှာစကားပြောကြားကာ "မန်းတောင်ရိပ်ခို" မြနန္ဒာသီချင်းကို စုပေါင်းသီဆို၍ ည ၇ နာရီခွဲတွင် သင်္ကြန်ပွဲတော်ကို ပိတ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင်မှုအတွက် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၁၇

ရွှေတိဂုံစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မှုအတွက် ဝေနေယျသုခရေချမ်းစင်အသင်း(၁၀၃)နှစ် အထိမ်းအမှတ်အဖြစ် ငွေကျပ် ၁၀၀၀၀၀၀ နှင့် နိုင်ငံခြားငွေတို့ကို ယနေ့ ၁၃၇၀ ပြည့်နှစ် မြန်မာနှစ်ဆန်း တစ်ရက်တွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သို့ လှူဒါန်းသည်။ဝေနေယျသုခရေချမ်းစင်အသင်းက ယခုအထိ ငွေကျပ် ၈၈သိန်း လှူဒါန်းပြီးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈-၄-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၈း၃၀ ၄။ International News
၉း၀၀ ၅။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၆း၀၀ ၂။ ညနေခင်းသတင်း
၆း၃၀ ၃။ မိုးလေဝသအခြေအနေ
၇း၃၀ ၄။ "စိတ်အားထက်သန်ဆန္ဒအမှန်"
၈း၀၀ ၅။ ပြည်တွင်းသတင်း
၆။ နိုင်ငံတကာသတင်းများ
၇။ မိုးလေဝသအခြေအနေ
၈။ **"ရှိတာက ပိုကောင်းပါတယ်"**
၉။ **မြန်မာ့ဗွီဒီယိုဇာတ်လမ်း "ရင်ဘတ်ထဲကိုဝင်ကြည့်လိုက်" (လွင်မိုး၊ဇာနည်၊ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ-ကျော်ဇောလင်း)**
၁၀။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၄-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"အချိန်တိုင်းတွေးနေရင်း ဘဝပြောင်းနေသည်"တရားတော်(အပိုင်း-၁)အရှင်ဇေယျပဏ္ဍိတ(ပိုင်းလော့ဆရာတော်)
၈း၀၅ - ၂း၀၅	အံ့ဖွယ်ထူးခြားဖြစ်စဉ်များနဲ့ ဖူးမဝတဲ့ ဆံတော်ရှင် ဦးဇိနစေတီတော်
၈း၁၅ - ၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀ - ၂း၂၀	Myanmar Video Rhythm
၈း၄၅ - ၂း၄၅	မင်္ဂလာပန်းစံပယ်၏ဒိုင်ယာရီ
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	တေးဂီတအစီအစဉ်
၉း၂၀ - ၃း၂၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၃၅ - ၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀ - ၃း၄၀	တေးဂီတအစီအစဉ်
၉း၅၀ - ၃း၅၀	ဘုရားဖူးကာလေ့လာ ကုသိုလ်တော်ယူမှာ
၁၀း၀၅ - ၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀ - ၄း၁၀	နှစ်ဆန်းတစ်ရက်နေ့မြင်ကွင်း
၁၀း၂၅ - ၄း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅ - ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀ - ၄း၄၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးနှင့်ဆွေးနွေးခန်း)
၁၁း၀၀ - ၅း၀၀	Art Vision Ko Maung Kyaw Than Solo Art Show Watercolour (Outdoor)
၁၁း၁၅ - ၅း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅ - ၅း၂၅	ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၁၂း၀၀ - ၆း၀၀	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၂း၂၀ - ၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅ - ၆း၂၅	မြိတ်မြို့မိသားစုဝင်များ၏ မြန်မာပြည်အနှံ့ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ်(အပိုင်း-၂)
၁၂း၃၅ - ၆း၃၆	VJ Choice
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ခြင်းနှင့်ရေလှောင်ကန်ကြီးများအတွင်းသို့ပရိတ်ရေများ သွန်းလောင်းခြင်းမင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတဘဒ္ဒန္တရေဝတ ငွေကြာရံ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်ထံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့က လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်စဉ်။ (၁၉)

နှစ်ဆန်းတစ်ရက်နေ့က ရွှေတိဂုံစေတီတော်မြတ်ကြီးရင်ပြင်တော်ပေါ်တွင် ဘုရားဖူးများနှင့်ကောင်းမှု ကုသိုလ်ပြုလုပ်သူများဖြင့် စည်ကားလျက်ရှိစဉ်။ (ကြေးမုံ)

အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တွင်မှီတင်းနေထိုင်ကြသော ပြည်သူများ အန္တရာယ်ကင်းရှင်းစေရန် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ခြင်းနှင့် ရေလှောင်ကန်ကြီးများ အတွင်းသို့ ပရိတ်ရေများသွန်းလောင်းခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ ညနေ ၃ နာရီက မရမ်းကုန်း မြို့နယ် ကမ္ဘာအေးရေကူးစက်ရုံလမ်းရှိ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ရေကူးရေတွန်းစက်ရုံဝင်းအတွင်းရှိ မဏ္ဍပ်၌ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ ငွေကြာရံ ပရိယတ္တိ စာသင်တိုက် (တောင်ဥက္ကလာပ) ပဓာန နာယက ဘဒ္ဒန္တရေဝတ၊ ဆရာတော်ထံမှ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးနှင့် ဇနီး ဒေါ်မော်မော်ညွန့်၊ ကော်မတီဝင်များ၊ဌာနမှူးများ၊ ၎င်းတို့၏ ဇနီးများ၊ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ချီးမြှင့်တော်မူ

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က မေတ္တသုတ်နှင့် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

အမျှပေးဝေ

ထို့နောက် မြို့တော်ဝန်နှင့် ဇနီး အမှူးပြု၍ ဧည့်ပရိသတ်များက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။ ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ငွေကြာရံ ပရိယတ္တိစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တရေဝတ ဆရာတော်ထံမှ သာဓုအနုမောဒနာတရားနှင့် ရေစက်ချတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှ ပေးဝေကြသည်။

ထို့နောက် ရန်ကုန်မြို့နေပြည်သူများ အန္တရာယ်ကင်းရှင်းစေရန် ဆရာတော် သံဃာတော် အရှင်သူမြတ်များ၊ မြို့တော်ဝန်၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများက ရေကူး ရေတွန်းစက်ရုံဝင်းအတွင်းရှိ ရေလှောင်ကန်၊ ကုက္ကိုင်းရေလှောင်ကန်၊ လှော်ကား၊ ဂျီးဖြူ၊ ဖူးကြီး၊ ငမိုးရိပ် ရေလှောင်ကန်ကြီးများအတွင်းသို့ ပရိတ်ရေများသွန်းလောင်းကြကြောင်း သတင်းရရှိသည်။

(၁၉)

ဧပြီ ၁၇ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် မင်္ဂလာခန်းမ၌ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တရဋ္ဌသာရ အမှူးပြုသည့် သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြစဉ်။

(ဓာတ်ပုံ-ကုန်သည်/စက်မှု)

နှစ်ဆန်းတစ်ရက်နေ့က နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား ခေါင်းလျှော်ခြင်း၊ လက်သည်း၊ ခြေသည်းညှပ်ခြင်းဖြင့် ကုသိုလ်ယူကြစဉ်။ (ကြေးမုံ)

မြန်မာနှစ်ဆန်းတစ်ရက် ရန်ကုန်မြို့၌ ကုသိုလ်ပြုကြသူများ၏ ပတ္တိဒါနသံများဝေစည်

ရန်ကုန် ဧပြီ ၁၇

မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာအခါတော်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဆူးလေစေတီတော်၊ ကမ္ဘာအေး စေတီတော်၊စွယ်တော်မြတ်စေတီတော်၊မဟာဝိဇယစေတီတော်၊လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ ကြေးသွန်းဘုရားကြီး၊ မယ်လမု၊ မိုးကောင်း၊ကျိုက္ကစံ၊ကျိုက်ဝိုင်း၊ ရွှေဘုန်းပွင့်၊ ဇီနမာရ်အောင်၊ နာဂလိုဏ်ဂူ၊ အာလိန်ငါးဆင့်၊ ဥက္ကလာပမြို့ဦးစေတီ၊ ရွှေနားပန်၊ ရန်မျိုးအောင်၊ ဒဂုံမြို့သစ် မြို့ဦးစေတီ၊ ကျိုက္ကလို့၊ ကျိုက္ကလဲ့ စသည့် ဘုရားစေတီ ပုထိုးများ၌ အရုဏ်ဆွမ်းကပ်ခြင်း၊ဒါနသီလဘာဝနာကုသိုလ်ပြုခြင်း၊ စေတီယင်္ဂဏသန့်ရှင်းရေးဝတ်အသင်းဆောင်ရွက်ကြခြင်း၊ စတုဒိသာ အာဟာရ ဒါနပြုခြင်း စသော ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက် ငှက်၊ စာကလေး၊ ခို၊ ငါး၊ ကျွဲ၊ နွား၊ ဆိတ် စသော တိရစ္ဆာန်များအား အဘယဒါန၊ ဇီဝိတဒါနအဖြစ် ဘေးမဲ့လွှတ်ခြင်း၊ သံဃာတော်များအား ပင့်ဖိတ်၍ ပရိတ်တရားတော်နှင့် အန္တရာယ်ကင်း ကမ္မဝါစာ နာကြားခြင်း၊ သက်ကြီးပူဇော်ပွဲများကျင်းပခြင်း၊ စုပေါင်း သီလခံယူဆောက်တည်ခြင်း၊ နှစ်ဦးဒါန စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်း၊ နှစ်ဦးမင်္ဂလာအခါတော်နေ့ အခမ်းအနားများ ကျင်းပခြင်း အစရှိသော ကုသိုလ်ပုညတို့ကို ပီတိသောမနဿဖြင့် ပြုလုပ်ကြရာ ရန်ကုန်မြို့လုံးပတ်လည်တို့၌ ပတ္တိဒါနသံများ ထုံမွှမ်းလျက်ရှိသည်။

ထို့အပြင် မြို့နယ် အသီးသီးတို့၌ မြို့နယ်၏ နယ်နိမိတ်တစ်လျှောက်တို့၌ ဆရာတော် သံဃာတော်များက မော်တော်ယာဉ်များဖြင့် ပရိတ်ရွတ်ဆို ချီးမြှင့်ကြပြီး ခရီးသည်တင်ယာဉ်လိုင်းများကလည်း ကားဂိတ်နှင့် ယာဉ်လိုင်းတစ်လျှောက်တို့၌ သံဃာတော်များအား ပင့်ဖိတ်၍ ပရိတ်တရားနာကြားခြင်း၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းတို့ကို နှစ်ဦးကုသိုလ်မင်္ဂလာ ပြုကြသည့်အပြင် အမှတ်(၄၁) ခရီးသည်တင် ယာဉ်လိုင်းကားများကလည်း နံနက်ပိုင်းတွင် ခရီးသည်များအား အခမဲ့ပို့ဆောင်၍ ကုသိုလ်ယူကြသည်။

(သတင်းစဉ်)

မြန်မာနှစ်ဆန်းတစ်ရက်နေ့က ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များက ရှင်ဥပဂုတ္တမင်္ဂလာကန်တော်အတွင်းသို့ ငါးများကိုလွှတ်ပေးစဉ်။

(သတင်းစဉ်)

ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း၏ နှစ် (၅၀)ပြည့် ရွှေရတု မဟာသင်္ကြန် ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၁၇

ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း၏ နှစ် (၅၀)ပြည့် ရွှေရတု မဟာသင်္ကြန် ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၃ ရက်မှ ၁၅ ရက်အထိ ပြင်ဦးလွင် ဂေါက်ကွင်း၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ရွှေအဆင့်၊ ငွေအဆင့်၊ ကြေးအဆင့် ပြိုင်ပွဲများနှင့် အမျိုးသမီး ပြိုင်ပွဲ၊ အမျိုးသား သက်ကြီးတန်း ပြိုင်ပွဲများ ပါဝင်ပြီး စုစုပေါင်း အသင်း ၃၀မှ ဂေါက်သီးရိုက် အားကစားသမား ၂၀၀ ကျော်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဂေါက်သီးရိုက် ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ရက် နံနက် ၆ နာရီခွဲတွင်ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်၍ ဂေါက်သီးရိုက်ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ရွှေအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် ပြင်ဦးလွင်ဂေါက်ကလပ် (က)အသင်းက ရွှေဖလားဆုကြီးကို ဆွတ်ခူး ရရှိသွားသည်။ ဒုတိယဆုကို မန္တလေး ဂေါက်သီးရိုက် (က)အသင်းက ရရှိသည်။

ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် မူဆယ် ဂေါက်သီးရိုက်အသင်းက ပထမ၊ မန္တလေးဂေါက်သီးရိုက်အသင်းက ဒုတိယ၊ ကြေးအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် ပြင်ဦးလွင် ဂေါက်သီးရိုက် (က)အသင်းက ပထမ၊ ပြင်ဦးလွင် ဂေါက်သီးရိုက် (ဂ)အသင်းက ဒုတိယရရှိကြသည်။

ပြိုင်ပွဲကို K.M Golf Centre က အဓိကပံ့ပိုးကူညီခဲ့သည်။

(သတင်းစဉ်)

ပြင်ဦးလွင် ဂေါက်သီးရိုက် အသင်း၏ နှစ်(၅၀)ပြည့်ရွှေရတု မဟာသင်္ကြန် ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ပြင်ဦးလွင်ဂေါက်ကွင်း၌ ကျင်းပရာ ပြိုင်ပွဲဝင် အမျိုးသား တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။

(သတင်းစဉ်)



ပြင် ဦး လွင် ဂေါက်သီးရိုက် အသင်း၏ နှစ် (၅၀)ပြည့် ရွှေ ရတု မဟာ သင်္ကြန် ရွှေဖ လား ဂေါက်သီး ရိုက် ပြိုင်ပွဲ ကို ပြင် ဦး လွင် ဂေါက် ကွင်း ၌ ကျင်း ပ ရာ ပြိုင်ပွဲဝင် အမျိုး သမီး တစ်ဦး ပါဝင် ယှဉ်ပြိုင် စဉ်။

(သတင်းစဉ်)

မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့ နှစ်သစ်ကူး ပဒေသာပင်ဆွတ်ခူးပွဲတော်ကျင်းပ

ရန်ကုန် ဧပြီ ၁၇

မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့က ကြီးမှူး၍ (၄၁) ကြိမ်မြောက် နှစ်သစ်ကူး ပဒေသာပင် ဆွတ်ခူးပွဲတော်ကို ယနေ့နံနက် ၆နာရီတွင် အဆိုပါ ရိပ်သာ၌ ကျင်းပရာ ဟိတေသီအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်က အဖွင့်အမှာစကားပြောကြားပြီး ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ပွဲတော်တွင် ဟိတေသီအဖွဲ့က ငွေကျပ် ၄၅သိန်းကျော် တန်ဖိုးရှိ ပဒေသာပင် ၆၀မှ ဆုမဲ ၃၆၀၀ကို ဆရာတော် သံဃာတော်များ၊ သီလရှင်များ၊ အမျိုးသားယောဂီများ၊ အမျိုးသမီးယောဂီများနှင့် တက်ရောက်လာကြသူများ အားလုံး ဆွတ်ခူးနိုင်ရန် ဆောင်ရွက်ပေးကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုများ ပေးအပ်ချီးမြှင့်

ရန်ကုန် ဧပြီ ၁၇

၂၀၀၈ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂ရက် မွန်းလွဲ ၁နာရီတွင် ရေတပ်လေ့ကျင့်ရေးဌာနချုပ်၊ တပ်နယ်အားကစားရုံ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရောဝတီ ရေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းရှိန်တက်ရောက်၍ အဖွင့်အမှာ စကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲတွင် တပ်မတော်(ရေ) ဌာနချုပ်၊ တပ်၊ စခန်း၊ စစ်ရေယာဉ်စုများမှ အသင်း ၁၃သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲကို ဧပြီ ၂ရက်မှ ၉ရက်အထိ ကျင်းပခဲ့ပြီး ဆုချီးမြှင့်ပွဲကို ဧပြီ ၁၀ ရက် မွန်းလွဲ ၁နာရီတွင် ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဆုရ ရောဝတီရေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရောဝတီရေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းရှိန်က ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူပွဲအတွက် အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၁၇

ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ မန္တလေးတိုင်း ညောင်ဦးမြို့ရှိ သမိုင်းဝင် ရွှေစည်းခုံ စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်း စတင်ကပ်လှူပွဲအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲနှင့် အင်းစိန် မြို့နယ် တောင်သူကုန်းရပ်ကွက်ရှိ ဝါခင်းတောင်ကျောင်းတိုက်၌ စာသင်သား ရဟန်း၊ သာမဏေများအတွက် ငွေကျပ် ၅၈၁၃၁၅တန်ဖိုးရှိ ခုတင် ၁၅လုံး ပေးအပ်လှူဒါန်းပွဲတို့ကို ယနေ့ ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့) မွန်းလွဲပိုင်းတွင် အဆိုပါ ကျောင်းတိုက်ရှိ အောင်ချမ်းသာဓမ္မာရုံ၌ ကျင်းပရာ ရှေးဦးစွာ ရပ်ကွက် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)သြဝါဒါစရိယ ဝါခင်းတောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀အဖွဲ့ (အင်းစိန်)နာယက စဉ့်ကူ စိုးဝင်း (ဒုလ္လဘရဟန်း ဦးစန္ဒောဘာသ) က ရွှေစည်းခုံ စေတီတော်မြတ်ကြီး အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနေမှုအခြေအနေကို ရှင်းလင်းမြွက်ကြား၍ ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့ (အင်းစိန်)ဥက္ကဋ္ဌက နဝမအကြိမ်မြောက် ကုန်ကျစရိတ်ရှင်းတမ်းတို့ကို ဖတ်ကြားလျှောက်ထားသည်။

ရေစက်ချ

ထို့နောက် အလှူရှင်များက လုံးတော်ပြည့်ရွှေသင်္ကန်း စတင်ကပ်လှူနေသည့် ညောင်ဦးမြို့ရှိ သမိုင်းဝင် ရွှေစည်းခုံစေတီတော်မြတ်ကြီးအတွက် အလှူငွေကျပ် ၁၉၂၅၀၀ကို ပေးအပ်လှူဒါန်းရာ ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)ဥက္ကဋ္ဌက လက်ခံပြီး ရွှေသင်္ကန်းအလှူရှင်များနှင့် ခုတင်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကာ ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ပရိသတ်တို့က အနုမောဒနာ တရားနှင့် ရေစက်ချတရားတို့ကို နာယူကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

2nd RANBAXY Junior Tennis Tournament (U 10, U12, U14, U 16)

လူငယ်တင်းနစ်ပြိုင်ပွဲများကျင်းပမည်

ရန်ကုန် ဧပြီ ၁၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့ ကြီးမှူး၍ RANBAXY Co., Ltd. ၏ ကူညီမှုဖြင့်ကျင်းပမည့် RANBAXY Junior Tennis Tournament ပြိုင်ပွဲကို ဧပြီ ၂၆ရက်မှ ၃၀ရက်အထိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲ အမျိုးအစားများမှာ အသက် ၁၀ နှစ်အောက်၊ အသက် ၁၂နှစ်အောက်၊ အသက် ၁၄နှစ်အောက်၊ အသက် ၁၆နှစ် အောက် ကျား/မ တစ်ဦးချင်းနှင့် နှစ်ယောက်တွဲ ပြိုင်ပွဲတို့ဖြစ်သည်။

နယ်မှလာရောက်ယှဉ်ပြိုင်သူများကို ခရီးစရိတ်ငွေကျပ် ၁၀၀၀၀ ထောက်ပံ့ပေးပြီး နေထိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်သည်။ ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်လိုသူများသည် ဧပြီ ၂၅ရက် နံနက် ၁၀နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀ သို့ ဆက်သွယ်စုံစမ်းစာရင်း ပေးသွင်းရမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထူးခြားသည့်နေ့အပူချိန်များ

(၁၇-၄-၂၀၀၈)

မင်းဘူး

၄၃ဒီဂရီ စင်တီဂရိတ် (၁၀၉ ဒီဂရီ ဖာရင်ဟိုက်)

မုံရွာ၊ ညောင်ဦး၊ ချောက်၊ မကွေး၊ အောင်လံနှင့် သာယာဝတီ

၄၂ ဒီဂရီ စင်တီဂရိတ်စီ (၁၀၈ ဒီဂရီ ဖာရင်ဟိုက်စီ)

နေပြည်တော်၊ ဟသ်ာတ

၄၁ ဒီဂရီ စင်တီဂရိတ်စီ (၁၀၆ ဒီဂရီ ဖာရင်ဟိုက်စီ)

၂၀၀၆ ခုနှစ် နိုင်ငံအလိုက် မော်တော်ယာဉ်ထုတ်လုပ်မှု

ကမ္ဘာပေါ်တွင် လူဦးရေ တစ်နေ့တခြား တိုးတက်များပြားလျက်ရှိရာ စုစုပေါင်း သန်း ၆၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။ လူဦးရေတိုးတက်များပြားလာသည့်အလျောက် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်လည်း မော်တော်ယာဉ်စီးရေမှာ တစ်နေ့တခြား ပိုမိုများပြားလာလျက်ရှိနေသည်။ ကမ္ဘာပေါ်တွင် မော်တော်ယာဉ်စီးရေ မည်ရွေ့မည်မျှရှိသည်ဟူ၍ အတိအကျ မသိရှိရသော်လည်း ၂၀၀၆ ခုနှစ်တွင် နိုင်ငံပေါင်း ၃၁ နိုင်ငံမှ ထုတ်လုပ်သောမော်တော်ယာဉ်စီးရေမှာ ၇၀၉၂၇၆၇၆ (သန်း ၇၀ ကျော်) ရှိကြောင်း သိရသည်။

အဆိုပါ နိုင်ငံများအလိုက် မော်တော်ယာဉ်(လူစီးကားနှင့် ကုန်တင်ယာဉ်အပါအဝင်) ထုတ်လုပ်မှုမှာ-

စဉ်	နိုင်ငံ	ယာဉ်စီးရေ	စဉ်	နိုင်ငံ	ယာဉ်စီးရေ
၁	ဂျပန်	၁၁၄၈၄၂၃၃	၁၇	တူရကီ	၉၉၁၆၂၁
၂	အမေရိကန်	၁၁၃၅၁၂၈၉	၁၈	ဘယ်လ်ဂျီယံ	၉၁၀၆၁၄
၃	တရုတ်	၇၂၇၁၈၁၄	၁၉	ချက်	၈၅၁၅၀၄
၄	ဂျာမနီ	၅၈၁၈၁၇၁	၂၀	ပိုလန်	၇၁၁၆၄၈
၅	တောင်ကိုရီးယား	၃၈၃၉၅၈၉	၂၁	ဆွီဒင်	၇၀၁၀၆၆
၆	ပြင်သစ်	၃၁၆၄၃၆၈	၂၂	တောင်အာဖရိက	၅၉၉၄၆၂
၇	စပိန်	၂၇၇၆၁၈၆	၂၃	မလေးရှား	၅၀၉၄၃၃
၈	ဘရာဇီး	၂၅၉၇၃၈၂	၂၄	အာဂျင်တီးနား	၄၃၁၈၂၂
၉	ကနေဒါ	၂၅၇၇၆၇	၂၅	အင်ဒိုနီးရှား	၄၁၀၉၄၃
၁၀	မက္ကဆီကို	၂၀၄၃၆၀၂	၂၆	သြစတြေးလျ	၃၄၄၄၃၅
၁၁	အိန္ဒိယ	၁၈၇၆၁၈၈	၂၇	ရိုမေးနီးယား	၃၁၅၀၁၈
၁၂	ယူနိုက်တက်ကင်းဒမ်း	၁၆၄၉၈၄၁	၂၈	တရုတ်တိုင်ပေ	၃၀၅၆၆၁
၁၃	ရုရှား	၁၄၉၄၅၀၉	၂၉	ဆလိုဗက်ကီးယား	၂၆၆၄၂၃
၁၄	အီတလီ	၁၂၁၀၉၃၄	၃၀	ယူကရိန်း	၂၅၈၃၀၈
၁၅	ထိုင်း	၁၁၈၄၃၃၉	၃၁	သြစတြီးယား	၂၅၂၉၄၅
၁၆	အီရန်	၁၀၃၂၈၈၀		စုစုပေါင်း	၇၀၉၂၇၆၇၆

မှတ်ချက်။ ။ အထက်ပါ မော်တော်ယာဉ်စာရင်းတွင် ဒေသအလိုက် ထုတ်လုပ်သည့် မော်တော်ယာဉ်စီးရေများ မပါဝင်ပါ။

ကမ္ဘာ့လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ မော်တော်ယာဉ်စီးရေသည်လည်း တစ်နေ့တခြားများပြားလျက်ရှိရာ ၂၀၀၆ ခုနှစ် ကမ္ဘာ့မော်တော်ယာဉ်ထုတ်လုပ်မှု အရေအတွက်တွင် နိုင်ငံအလိုက် တတိယနေရာ၌ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မော်တော်ကားတပ်ဆင်ထုတ်လုပ်နေပုံကို တွေ့ရစဉ်။
(ဓာတ်ပုံ-ပေကျင်းရီဗျူး)

ထင်ရှားကျော်ကြား ကမ္ဘာ့ကားမောင်းပြိုင်ပွဲမှတ်တမ်းများ

ကမ္ဘာ့အားကစားလောကတွင် လူသားတို့၏ ကြံ့ခိုင်မှုစွမ်းရည်သက်သက်ဖြင့် ယှဉ်ပြိုင်ကြရသည့် အားကစားနည်းများရှိသကဲ့သို့ စက်ပစ္စည်းစသည်တို့ကို အသုံးပြု၍ ယှဉ်ပြိုင်ရသည့် အားကစားနည်းများလည်း ရှိသည်။ အဆိုပါ အားကစားနည်းများအနက် ကားမောင်းပြိုင်ပွဲများသည် ထင်ရှားလူသိများသော အားကစားနည်းတစ်ရပ်ဖြစ်သည်။ အဆိုပါ ကားမောင်းပြိုင်ပွဲများအနက် ကျော်ကြားထင်ရှား ကမ္ဘာ့မှတ်တမ်းဝင်သော ဖြစ်ရပ်အချို့ကို တင်ပြလိုက်ပါသည်။

ပြိုင်ပွဲရာသီတစ်ခုအတွင်း ဝင်ငွေအကောင်းဆုံးသူ

ကားပြိုင်ပွဲရာသီတစ်ခုအတွင်း ဝင်ငွေအကောင်းဆုံးရသူမှာ ၂၀၀၆ ခုနှစ်အတွင်း ကျင်းပခဲ့သည့် NASCAR (National Association for Stock Car Auto Racing) ပြိုင်ပွဲဝင် ဂျင်မီဂျွန်ဆင် (အမေရိကန်)ဖြစ်သည်။ **(ယာပုံ)**၎င်း၏ ၂၀၀၆ခုနှစ်အတွင်း ဝင်ငွေမှာ ဒေါ်လာ ၁၅၉၅၂၁၂၅ (ပေါင် ၈၁၄၆၅၂၉) ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့အပြင် ၎င်းသည် ၉၆၅ ကီလိုမီတာ (မိုင် ၆၀၀) ပြိုင်ပွဲဖြစ်သည့် Coca-Cola 600 race ပြိုင်ပွဲတွင် ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ သုံးကြိမ်ဆက်တိုက် အနိုင်ရဗိုလ်စွဲခဲ့သူလည်းဖြစ်သည်။

အမျိုးသမီးအများဆုံးပါဝင်သည့်ပြိုင်ပွဲ

ယူနိုက်တက်ကင်းဒမ်း (ယူကေ) ဝေလပြည်နယ် ပမ်းဘရေးတွင် ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်က ကျင်းပခဲ့သည့် ဖော်မြူလာ အမျိုးသမီး လူသစ်တန်းဖလားကားမောင်းပြိုင်ပွဲ၌**(အောက်ပုံ)**ပါဝင်ယှဉ်ပြိုင်သူ အမျိုးသမီး ပြိုင်ပွဲဝင်ဦးရေမှာ ၆၂ ဦးရှိရာပြိုင်ပွဲဝင် အမျိုးသမီးဦးရေ အများဆုံးစံချိန်တင်ခဲ့သည်။

အသက်အငယ်ဆုံး ဖော်မြူလာဝမ်းချန်ပီယံ

ကမ္ဘာ့ကားမောင်းပြိုင်ပွဲများအနက် Formula One ကားမောင်းပြိုင်ပွဲသည် ထင်ရှားလူသိများသော ပြိုင်ပွဲဖြစ်သည်။ ၂၀၀၃ ခုနှစ် ဩဂုတ် ၂၄ ရက်က ကျင်းပခဲ့သည့် ဟန်ဂေရီ ဂရင်းပရီ ကားမောင်းပြိုင်ပွဲတွင် ရေးနော့ကားဖြင့် ပါဝင်ယှဉ်ပြိုင် အနိုင်ရခဲ့သူ စပိန်နိုင်ငံသားဖာနန်ဒို အလွန်ဆိုသည် အသက် ၂၂ နှစ်နှင့် ၂၆ရက်သာရှိရာ ဖော်မြူလာဝမ်း ကားမောင်းပြိုင်ပွဲ၏ အသက်အငယ်ဆုံး ချန်ပီယံအဖြစ် မှတ်တမ်းဝင်သွားသည်။

အသက်အငယ်ဆုံး အင်ဒီကားချန်ပီယံ

၂၀၀၆ ခုနှစ် ဩဂုတ် ၂၇ရက်က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆိုနိုမာ၌ ကျင်းပခဲ့သည့် Indy Grand Prix ကားမောင်းပြိုင်ပွဲ၌ အမေရိကန်မှ မာကိုအန်ဒရက်တီ **(အောက်ပုံ)**က ယူနိုက်တက်ကင်းဒမ်းမှ ဖရန်ချစ်တီကို ၀ ဒသမ၆၆ စက္ကန့်ဖြင့် အနိုင်ရခဲ့ရာ ထိုစဉ်က မာကိုအန်ဒရက်တီ၏ အသက်သည် ၁၉ နှစ်နှင့် ၁၆၇ ရက်ဖြစ်ရာ အသက်အငယ်ဆုံး အင်ဒီကားပြိုင်ပွဲချန်ပီယံအဖြစ် မှတ်တမ်းဝင်သွားသည်။ အဆိုပါ ကားမောင်းပြိုင်ပွဲမှာ ၎င်းအတွက် ပထမဆုံး ပြိုင်ပွဲဖြစ်သည်။ ၎င်းသည်ကမ္ဘာ့ကားမောင်းပြိုင်ပွဲတွင် နာမည်ကြီးထင်ရှားကျော်ကြားသည့် မိသားစု၏ တတိယမျိုးဆက်ဖြစ်သည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၄-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ မြန်မာသကြၤန်
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၁၅ ၄။ မဟာဂီတ ချိုကြည်မြ
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၀ ၆။ မြန်မာသကြၤန်
၄း၄၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၅း၀၀ ၉။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။နိုင်ငံတကာသတင်း
၆း၂၀ ၁၃။မြန်မာသကြၤန်
၆း၂၅ ၁၄။စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၆။ **ရသစုံ လင်ရုပ်မြင်ဇာတ်လမ်း ရာဇဝင်တွင်တဲ့သူ့ရဲကောင်း အပိုင်း(၅၅)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသ သတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ စိုက်ပျိုးသုတ
၂၁။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
၂၂။ **ရသစုံ လင်ရုပ်မြင်ဇာတ်လမ်း -စည်းခြားထားသော အချစ် အပိုင်း(၂၄)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ဖခင်ကြီး ဦးကျင်ဝှက်အား ရည်စူး၍ ဇနီး ဒေါ်ကျင်ခင်၊ သမီး ဒေါ်တင်တင်အိ၊ ဦးဝင်းနိုင်-ဒေါ်သက်သက်နိုင် မိသားစု (ကျိုက်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်) က ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မငွေပဒေသာပင် အလှူငွေကျပ်၁၂၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးညွန့်လက်ခံယူစဉ်။ (က-ပ)

သတ္တမအကြိမ် ရွှေညဝါသင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သာဓုပရိယတ္တိ စာသင်တိုက်အတွင်း၌ သတ္တမအကြိမ်မြောက် ဓမ္မာစရိယနှင့် အဘိဓမ္မာရွှေညဝါဆရာဖြစ်သင်တန်းကို ဧပြီ ၂၄ရက်မှ ဇွန်၃ရက်အထိ ရက်ပေါင်း ၄၀ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်ခွင့်ရရှိပြီးသော သံဃာတော်များ ဧပြီ၂၃ရက်အရောက်ကြွရောက်ကြရန်နှင့် အလှူရှင်များ အရဏ်ဆွမ်း၊ အအေး၊ ရေမီးစသည်တို့ လှူဒါန်းလိုပါက ဖုန်း-၅၁၀၅၆၆သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

စိန်ဘယက်ဆေးတိုက် နှစ်သစ်မင်္ဂလာဆုမွန်လွှာ

၁၃၇၀ပြည့်နှစ်၊ နှစ်ဦးမင်္ဂလာအခါသမယတွင် ဆေးစွမ်းထက်မြက် စိန်ဘယက်ဆေးတိုက်မှ ထုတ်လုပ်ရောင်းချသည့် စိန်ဘယက် ငန်းနီကျော်၊ စိန်ဘယက် လေကွဲဆေး၊ ကွမ်းရွက်ပုံ ချောင်းဆိုးပျောက်ဆေး၊ ဆောင်း၊ နွေ၊ မိုး မက်လင်ချဉ်လျက်ဆား၊ တစ်သုံးလုံး အဖြေကျော်၊ ရွှေပျားကောင် နှလုံးသည်းခြေဆေးတို့ကို အားပေးသုံးစွဲကြသည့် ရဟန်းရှင်လူ မိဘပြည်သူများ၊ အနယ်နယ် အရပ်ရပ်မှ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြပါသော ဆေးရောင်းကိုယ်စားလှယ်ကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်းတို့အား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းအပေါင်းနှင့် ပြည့်စုံ၍ စီးပွားလာဘ်လာဘများ ဆတက်ထမ်းပိုး တိုးပွားကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သမားစဉ်ဆက်၊ ဆေးစွမ်းထက်မြက်
စိန်ဘယက်ဆေးတိုက်မိသားစု

သီတဂူကြယ်တစ်ပွင့်ဆရာတော် နှစ်ဦးအလှူတော်ငွေကျပ်သိန်း ၁၄၀ လှူဒါန်း

ရန်ကုန် ဧပြီ ၁၇

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက် သာသနဓဇဓမ္မာစရိယ၊ သဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိကဗဟုဇနဟိတရေ ဆရာတော် အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)သည် မိမိ၏ သက်တော်(၄၀)ပြည့် မွေးနေ့အထိမ်းအမှတ် နှစ်ဦးအလှူတော်အဖြစ် ကျေးရွာအသီးသီးသို့ ပရဟိတ အလှူငွေများ ပေးအပ်လှူဒါန်းရာ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဖိုးဝင်းတပ်ကျေးရွာ မူဝံကြယ်ဓမ္မဗိမာန်အတွက် ငွေကျပ်သိန်း ၈၀၊ ဝက်လက်မြို့နယ် သာလိုင်းကျေးရွာ ကြယ်တစ်ပွင့်စာသင်ဆောင်အတွက် ငွေကျပ် ၂၅ သိန်း၊ ဝက်လက်မြို့နယ် ရွာသစ်ကျေးရွာ မူဝံကြယ်စာသင်ဆောင် အတွက် ငွေကျပ် ၁၅ သိန်း၊ အမရပူရမြို့နယ် ဘနော်ရွာ စေတီများ ပြုပြင်ရန် ငွေကျပ် ၁၅သိန်းနှင့် အောင်လံမြို့ ဆွမ်းလောင်းအသင်း အတွက် ငွေကျပ်ငါးသိန်း စုစုပေါင်း ကျပ်သိန်း ၁၄၀ ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (က-ပ)

မွေးနေ့ဆုတောင်း

ဧပြီလတွင် ကျရောက်သော ချစ်ခင်ပွန်း **ဦးအောင်ကျော်ဦး** နှင့် ချစ်သားကြီး **မောင်အေးချမ်းအောင်** တို့၏ မွေးနေ့မှသည် နှစ်ပေါင်း(၁၂၀)တိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံ၍ ရည်ရွယ်ရာဘဝပန်းတိုင်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေ။

ဒေါ်ခင်စန်းနွဲ့
မောင်မင်းသန့်အောင်
မောင်နေလင်းအောင်
အမှတ်(၃၅၀)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတား၊ ရန်ကုန်

သမီးလေး သွန်းဝတီနိုင်(ခ) ကူးကူး (Pre KG- ILBC) အတွက် မွေးနေ့ဆုတောင်း (၁၈.၄.၂၀၀၈)

နှစ်သစ်ကူးမှာကျရောက်တဲ့ တစ်ဦးတည်းသော ချစ်သမီးလေး **"ဝတီ"**၏ **(၅)နှစ်ပြည့်မွေးနေ့မင်္ဂလာ** မှစ၍ နောင်မွေးနေ့ပေါင်းများစွာတိုင်အောင် ထူးချွန်ထက်မြက်၊ အသိဉာဏ်ကြီးပြီး သမီးလေးရဲ့ဘဝမှာ အောင်မြင်မှုများစွာ ရယူပိုင်ဆိုင်နိုင်ပြီး ပန်းခင်းလမ်းကို ထာဝရလျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

သမီးလေးကိုသိပ်ချစ်တဲ့
ဖေဖေ - ဦးနိုင်လင်းအောင်
(Managing Director-EXCELLENT WAY Co.,Ltd)
မေမေ - ဒေါ်ဇာခြည်မို့မို့ဖြူ

လမ်းမတော်မြို့နယ် ပြည်လုံးချမ်းသာ မဟာဝိဇ္ဇုကစေတီတော်ဘက်စုံ ပြုပြင်ရေးအတွက် အလှူငွေပေးအပ်ပွဲကို နှစ်ဆန်းတစ်ရက်နေ့ နံနက်ကကျင်းပရာ ကွယ်လွန်သူဖခင်ကြီး ဦးစိန်လှိုင်နှင့် မိခင်ကြီး ဒေါ်ခင်လှိုင်တို့အား ရည်စူး၍ သမားတော်ကြီး ပါမောက္ခ ဒေါက်တာဦးညွန့်သိန်းနှင့် မောင်နှမတစ်စုက အလှူငွေကျပ်ရှစ်သိန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်နှင့် စေတီတော်စောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ဆွေအောင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (၄၃)

မောင်တောမြို့နယ်အသင်း(ရန်ကုန်)သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၇

မောင်တောမြို့နယ်အသင်း (ရန်ကုန်)၏ (၁၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း မဏ္ဍလာကံယုံကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အသင်းသား၊ အသင်းသူများ၊ မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် အသက် (၈၀)နှင့်အထက် ဘိုးဘွားများ၊ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရရှိခဲ့ကြသော အသင်းဝင်များ၏ သားသမီးများသည် ဦးဇော်ဝင်း(ဥက္ကဋ္ဌ) ဖုန်း-၀၉၅၀-၀၆၈၂၀၊ ဦးခင်လှ(ဒုဥက္ကဋ္ဌ) ဖုန်း-၂၉၃၃၅၂၊ ဦးအေးသိန်း(ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၉၅၁-၅၇၅၁၃၊ ဒေါ်ခင်စောဝေ (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉၅၁၀၆၅၅၇ တို့သို့ ဧပြီ ၂၅ ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အခန်း(၁) တိုက်(၃) ဆီသန့်ဝန်ထမ်းအိမ်ရာ ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေ ဗိုလ်ကြီးလှဝင်း(ငြိမ်း)-ဒေါ်တင်တင်ခိုင် မိသားစုက ဧပြီမြေးအဘိုး မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် စာရင်းစစ် ဦးဝင်းထိန် လက်ခံစဉ်။ (သတင်းစဉ်)

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယမ ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် ဧပြီ ၁၇

နိုင်ငံတော်အစိုးရက ၂၀၀၈ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၈) ဖြင့် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော နတ်တလင်းမြို့ ရတနာပုံတိုက် ကံတော်ဦးကျောင်း ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် (အစိုးရဓမ္မာစရိယ သာသန မကုဋ္ဌဓမ္မာစရိယ၊ သံဝဏ္ဏနတ္ထာယဝေဒဂူ) ဘဒ္ဒန္တဝါယမအား တပည့်ဒါယကာ ဒါယိကာမများက ၁၃၇၀ ပြည့်နှစ် တန်ခူးလပြည့်ကျော် ၇ ရက် ဧပြီ ၂၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် နတ်တလင်းမြို့ ရတနာပုံတိုက် ကံတော်ဦးကျောင်း ဗုဒ္ဓဓမ္မဗိမာန်တော်၌ ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ကွယ်လွန်သူ ဇနီး ဒေါ်ကျင်နု (ကျောင်းအုပ်ဆရာမကြီး) အား ရည်စူး၍ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၅၁လမ်းနေ ဦးရဲဝင်း မိသားစုတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး အတွက်ငွေကျပ်တစ်သိန်းကိုတိ-နီ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သင်္ကြန်အကြတ်နေ့က ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်) ယုဇနဥယျာဉ်မြို့တော် မေတ္တာရိပ် (ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး) မူကြိုသင်္ကြန်မဏ္ဍပ်၌ မေတ္တာရိပ်မူကြိုမှ ကလေးများက သင်္ကြန်အကများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ (၇၆)

မဟာသင်္ကြန် အတက်နေ့က ရန်ကုန်မြို့ အင်းလျားလမ်းရှိ Shoe Gallery (Gravity) **ရေကစားမဏ္ဍပ်၌ ပျော်ရွှင်စွာ ရေပက်ကစားကြစဉ်။** (က-ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စက်မှုဇုန်ကော်မတီ ရေကစားမဏ္ဍပ်တွင် ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)က ဒေါပုံမြို့နယ် ငုရွှေဝါယိမ်းအဖွဲ့မှ သီဆိုကပြ ဖျော်ဖြေစဉ်။ (၅၃)

- ❑ မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . . .
- ❑ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . . .
- ❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . . .
- ❑ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း . . .
- ❑ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . . .

ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

● ဒီမိုကရေစီ ရရှိဖို့
မဲရုံသွား၍ မဲပေးစို့။

● ဒီမိုကရေစီ ထွန်းကားရေး
အခြေခံဥပဒေ အတည်ပြုပေး။

● မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
အခြေခံဥပဒေဖြင့်သာ
ဒီမိုကရေစီ ရနိုင်သည်။

● ဒို့အနာဂတ် ဒို့ဖန်တီးဖို့
အခြေခံဥပဒေ အတည်ပြုစို့။

ဓာတုစယဓာတ်ပေါင်းစု စေတီတော်

မြန်မာနှစ်ဆန်းတစ်ရက်နေ့က နေပြည်တော် ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဓာတုစယဓာတ်ပေါင်းစု စေတီတော်တွင် ဘုရားဖူးများအား တွေ့ရစဉ်။ (သတင်းစဉ်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

မြန်မာနှစ်ဆန်းတစ်ရက် နေပြည်တော်၌ ကုသိုလ်ကောင်းမှုပြုသူများ အထူးစည်ကား

နေပြည်တော် ဧပြီ ၁၇

ယနေ့သည် မြန်မာနှစ် ကောဇာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် နှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်မင်္ဂလာ အခါသမယဖြစ်သည်။ အေးမြကြည်လင်သော အတာသင်္ကြန်ရေဖြင့် နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်ရှင်းစင်ကြယ်စေပြီး နှစ်သစ်မင်္ဂလာရောက်ရှိချိန်တွင် မြန်မာတိုင်းရင်းသား ပြည်သူတို့သည် ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုးများသို့ သွားရောက်၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ဘာဝနာတရား ပွားများအားထုတ်ခြင်း၊ အလှူဒါနပြုခြင်း၊ တိရစ္ဆာန်များအား ဘေးမဲ့လွှတ်ခြင်း၊ ဇီဝိတဒါနပြုခြင်းစသည့် ကောင်းမှုကုသိုလ်အစုစုကို ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာမပျက် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

ထိုသို့ ကုသိုလ်ပုညပွားများကြရာ၌ နံနက်ပိုင်းတွင် နေပြည်တော် ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဓာတုစယ ဓာတ်ပေါင်းစုစေတီတော်၌ ခရေ၊ ကံ့ကော်နှင့် ပိတောက်အိမ်ရာတို့မှ ဝန်ထမ်းများနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✧

ကြေးမုံ The Mirror
ဆောင်းပါးအညွှန်း

ဆောင်းပါးရှင် မောင်ဒွဲ့ဒိုး၏
"ပြတ်ပြတ်သားသား
ထောက်ခံကြပါစို့"

(ဆောင်းပါး) စာမျက်နှာ-၆

● ဘယ်သူခွဲခွဲ ဒို့မကွဲ
ပေးကြပါစို့ ထောက်ခံမဲ။

● နိုင်ငံသစ်ဆီ ဒို့ဦးတည်
အခြေခံဥပဒေ အတည်ပြုမည်။